# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ - ၁၁၆)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

**နယူးယောက် စက်တင်ဘာ ၁၉**


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နေအိမ်၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် လိုအပ်သည့် ကိစ္စရပ်များအား တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

## တောင်သမန်အင်း သဘာဝအလှ မပျက်ယွင်းစေရေး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေး


စာ » ၈၊ ၉

## ဆီးရီးယားတပ်ဖွဲ့ဝင်များကို လေကြောင်းမှ တိုက်ခိုက်မှုပြုခြင်းက အမေရိကန်-ရုရှား အပစ်ရပ်စဲရေးကို ခြိမ်းခြောက်နေဟု ရုရှားပြော


စာ » ၁၀


**မှတ်သားဖွယ်ရာမိုးရေချိန်**

၁၉-၉-၂၀၁၆

| | |
|---|---|
| ငွေမြို့ | ၃ ဒသမ ၄၃ လက်မ |
| မချမ်းဘောမြို့ | ၂ ဒသမ ၀၁ လက်မ |
| ကလေးဝမြို့ | ၂ ဒသမ ၀၁ လက်မ |
| ကျောက်ဖြူမြို့ | ၁ ဒသမ ၆၁ လက်မ |
| ပင်လည်ဘူးမြို့ | ၁ ဒသမ ၆၁ လက်မ |
| ဆင်ဖြူကျွန်းမြို့ | ၁ ဒသမ ၅၀ လက်မ |
| ကလေးမြို့ | ၁ ဒသမ ၄၁ လက်မ |




မြန်မာ့အလင်း

# အစိမ်းရောင်ရွှေ

တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် တတိယမြောက် ဝါးအပေါမျှားဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားတစ်ရပ်ကို ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ ဝါးသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်ဒေသနေပြည်သူများနှင့် အနီးစပ်ဆုံး သဘာဝထွက်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး ကျေးလက်လူနေမှုဘဝအတွက်လည်း မရှိမဖြစ်ပစ္စည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝဝါးတောပိုင်ဆိုင်မှုအနေဖြင့် ကမ္ဘာပေါ်တွင် တတိယမြောက်အများဆုံးနိုင်ငံဖြစ်သည့်တိုင် ဝါးမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ခြင်း မရှိသေးသကဲ့သို့ ဝါးမှ ဝင်ငွေရရှိမှုတွင်လည်း လွန်စွာနည်းပါးလျက်ရှိနေသေးကြောင်း သုတေသီများက ဆိုကြသည်။

ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၈၈ ခုနှင့် မျိုးစိတ်ပေါင်း ၁၄၀၀ ရှိကြောင်း လေ့လာတွေ့ရှိထားပြီး အာရှပစိဖိတ်ဒေသတွင် ဝါးမျိုးစု ၅၀ ကျော်နှင့် မျိုးစိတ် ၉၀၀ ကျော်ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်မူ ဝါးတောဧရိယာ ဧက ၅ ဒသမ ၄ သန်းရှိပြီး ဝါးမျိုးစု ၂၂ ခုနှင့် မျိုးစိတ်ပေါင်း ၁၀၂ ခုတို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့ပေါက်ရောက်ကြောင်း မြန်မာနိုင်ငံသစ်တောသုတေသနစာတမ်းတွင် ဖော်ပြထားသည်။ ဝါးသည် မိုးရေချိန် ၄၇ လက်မမှ ၁၅၇ လက်မအတွင်းရရှိသည့် စိုထိုင်းဆများသောဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်သည်။ ဝါးကောင်းမွန်စွာပေါက်ရောက်ရန်အတွက် အပူချိန် ၈ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်အထိ၊ မိုးရေချိန်အနည်းဆုံး ၃၉ လက်မရရှိရန်လိုအပ်သည်။ အက်စစ်ဓာတ်အနည်းငယ်ရှိပြီး သဲဆန်သည့်နုန်းမြေမွမွကို နှစ်သက်သည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသနေပြည်သူများမှာ သဘာဝအတိုင်းရရှိသည့် ဝါးကိုအသုံးပြုကာ နေထိုင်ရန်အဆောက်အအုံ၊ ခြံစည်းရိုး၊ အကာအရံများ၊ ခြင်း၊ တောင်း၊ ဆန်ကော၊ ဆန်ခါ စသည့်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သုံးစွဲကြသည့်အပြင် ဝါးမှရသောမျှစ်ကိုလည်း စားသောက်ဖွယ်ရာတစ်ခုအဖြစ် ရောင်းချစားသုံးလျက်ရှိကြသည်။ ဝါးသည် ဆင်းရဲသားများအတွက် သစ် “ Poor Man's Timber ” ဟုလည်းကောင်း၊ အစိမ်းရောင်ရွှေ (Green Gold) ဟုလည်းကောင်း တင်စားခေါ်ဝေါ်သကဲ့သို့ပင် ဝါးပင်သည် ကမ္ဘာပေါ်တွင် သစ်သားကိုပေးနိုင်သော အကြီးအမြန်ဆုံးအပင်များ (Fastest growing woody plants in the world) ဖြစ်သည်ဟု သစ်တောပညာရှင်များက ပြောကြားသည်။

သစ်အသုံးပြုရန်အတွက် သစ်ပင်ကို စတင်စိုက်ပျိုးသည်မှ အနည်းဆုံး နှစ် ၂၀-၃၀ မှ နှစ် ၇၀-၈၀ အထိ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန်လိုသော်လည်း ဝါးပင်မှာမူ နှစ်နှစ်မှ သုံးနှစ်အထိသာ စောင့်ဆိုင်းရန်လိုသည်။ ထို့အပြင် မိမိပိုင်ခြံတွင်းမှာပင် အလွယ်တကူစိုက်ပျိုးနိုင်သည်။ ဝါးပြားစများကို ကော်သုတ်ပြီး ဖိအားပေးကာ အိမ်တိုင်ဆိုက်ကြီးများထုတ်လုပ်ခြင်း၊ ဝါးပါကေးပြားနှင့် ဝါးဖြင့် သုံးထပ်သား၊ ငါးထပ်သား၊ ခုနစ်ထပ်သားပြားများထုတ်လုပ်ခြင်း၊ ဝါးရွက်ဘီယာ၊ ဆေးဝါး၊ အသုံးအဆောင်များ၊ ဝါးမီးသွေး၊ ဝါးရှာလကာရည်၊ ဝါးပျော့ဖတ်မှ ထုတ်လုပ်သော စက္ကူ၊ ဝါးမျှင် (Bamboo Fiber) မှ အဝတ်အထည် ထုတ်လုပ်ခြင်း စသည်ဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်သည်။

မြန်မာနိုင်ငံသည် ပေကျင်းမြို့အခြေစိုက် ဝါးနှင့် ကြိမ် အပြည်ပြည်ဆိုင်ရာကွန်ရက်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး နိုင်ငံအတွင်းရှိ ဝါးမျိုးစိတ်များကို သုတေသနပြုခြင်း၊ ဝါးစိုက်ပျိုးနည်းများ စနစ်တကျဖော်ထုတ်ခြင်း၊ ဝါးထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာ ဈေးကွက်အတွင်း ဝင်ရောက်နိုင်ရေး စမ်းသပ်ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်နေသည်ဟု သိရသည်။ ယခုအခါ မိမိတို့နိုင်ငံတွင် လူဦးရေတိုးတက်လာကာ မြို့ရွာများတိုးချဲ့လာသည်နှင့်အမျှ သစ်တောသယံဇာတများလည်း လျော့နည်းလာရာတွင် ဝါးသည်လည်း အပါအဝင်ဖြစ်သည်။ ဒေသခံပြည်သူများမှာ နှစ်စဉ် မျှစ်နှင့် ဝါးရရှိရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပို၍ဝေးရာဝေးရာဆီသို့ လိုက်လံရှာဖွေထုတ်ယူနေရသည့် အခြေအနေသို့ ရောက်ရှိလာနေကြောင်း သတင်းများတွင် တွေ့နေရပြီဖြစ်သည်။

ဝါးသယံဇာတများ ပြုန်းတီးမှုမရှိဘဲ ရေရှည်တည်တံ့စေရေး၊ စီးပွားဖြစ် ဝါးစိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်ရေး၊ ဝါးမှတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးတို့အတွက် အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ၊ သုတေသီများ၏ ပူးပေါင်းမှုအင်အားဖြင့် ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း။ ။



## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ လူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင် ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက် လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(သတင်းစဉ်)**

## ရဲတပ်ဖွဲ့ဝင်များလုပ်အားပေး

**လဲချား စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်းလွိုင်လင်ခရိုင်လဲချားမြို့နယ်မှ ရဲမှူးဦးအောင်ဇော်မိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်တွင်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အခြေခံအထက်တန်းကျောင်း လဲချားကျောင်းဝင်းအတွင်းရှိ မြက်၊ ချုံနွယ်ပင်များ ခုတ်ထွင်ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာများအကျိုးရှိရှိကိုင်တွယ်ထိန်းသိမ်းတတ်စေရန် သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၉**

တောင်သူများ လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းတတ်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က တပ်ကုန်းမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၈) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

“လယ်ယာလုပ်ငန်းခွင်မှာ လယ်ယာသုံးစက်ကိရိယာတွေကို သုံးစွဲတဲ့နေရာမှာ ဘေးအန္တရာယ်ကင်းရှင်းဖို့၊ ထိထိရောက်ရောက် ကိုင်တွယ်ထိန်းသိမ်းတတ်ဖို့ လက်တွေ့လုပ်ငန်းခွင်မှာ မောင်းနှင်နည်းစနစ်တွေကို စနစ်တကျကိုင်တွယ်မောင်းနှင်တတ်အောင် ရည်ရွယ်ပြီး သင်တန်းပို့ချခြင်းဖြစ်ပါတယ်” ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ နေပြည်တော် တာဝန်ခံညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က ပြောသည်။

၎င်းကဆက်လက်၍ လယ်ယာလုပ်ငန်းခွင်မှာ တဖြည်းဖြည်းနဲ့ လယ်ယာလုပ်သား ရှားပါးလာတဲ့အတွက် အခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုတဲ့ သင်တန်းကို စက်မှုလယ်ယာ ဦးစီးဌာနက ဖွင့်လှစ်ပေးခြင်းဖြင့် လယ်ယာလုပ်ငန်းနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာ တွင်တွင်ကျယ်ကျယ် ဖြစ်လာအောင် လူ့စွမ်းအားအရင်းအမြစ်တွေ မြှင့်တင်ပေးခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

“မိရိုးဖလာဖြစ်တဲ့ ကျွဲ၊ နွားတွေနဲ့ပဲ လက်ရှိ လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုနေတာဖြစ်တဲ့အတွက် အချိန်တွေ နှောင့်နှေးခဲ့ပါတယ်။ ဒါကြောင့်မို့ စက်မှုလယ်ယာဦးစီးဌာနကနေ တောင်သူတွေအကျိုးရှိစေဖို့ သင်တန်းတွေဖွင့်ပေးတဲ့အတွက် လာတက်ခြင်းဖြစ်ပါတယ်။ ဒီသင်တန်းကနေ အတွေ့အကြုံတွေအများကြီးရပြီး ကျွဲ၊ နွားနဲ့လုပ်တဲ့ လယ်ယာထွက်ကုန်တွေထက် ပို၍ အရည်အသွေး ကောင်းမွန်မယ်လို့ ယုံကြည်ပါတယ်” ဟု တပ်ကုန်းမြို့နယ် သိကြားဟင်းအိုးကျေးရွာမှ သင်တန်းသား ကိုဇော်မင်းထွေးက ပြောသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဦးတင်ထွဋ်တို့က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန နေပြည်တော် တာဝန်ခံညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းမင်းလတ်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၃.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၄.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပိုးလမ်းမကြီးတစ်လျှောက်ရှိ နိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တည်ငြိမ်အေးချမ်းမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက် အရေးကြီး

**အုရုံမှုချီ စက်တင်ဘာ ၁၉**
တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများဆိုင်ရာဖိုရမ် (3rd Forum of Ministers Responsible for Information)ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်းကျန့်ပြည်နယ် အုရုံမှုချီမြို့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်ကို မီဒီယာပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများ (New Opportunities for Media Cooperation) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပ၊ အာရှနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကိုယ်စားလှယ် ၃၅ ဦးနှင့် ဒေသတွင်းမီဒီယာဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပိုးလမ်းမကြီး တစ်လျှောက်ရှိ နိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုဖော်ဆောင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မီဒီယာလွတ်လပ်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ခေတ်ကာလနှင့်မလျော်ညီသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အသစ်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မီဒီယာလောကသားများ၏ အရည်အသွေးမြင့်မားရေးအတွက်လည်း လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်၌ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်း (One Belt, One Road Initiative) ကို မီဒီယာနည်းလမ်းဖြင့် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ပြည်သူအချင်းချင်း အပြန်အလှန် ဆက်သွယ်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ မြှင့်တင်ရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ သတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ဖြန့်ဝေမှုဆိုင်ရာ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်မှုမြှင့်တင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ သဘောထားအမြင်များကို ဆွေးနွေးကြသည်။

ရှင်းကျန့်ပြည်နယ်သည် ရှင်းကျန့်-ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ဧရိယာ ၁ ဒသမ ၆၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ ဟန်၊ ဝီဂါ၊ ကာဇက်၊ မွန်ဂို၊ မန်ချူး၊ တာဂျစ်၊ ဥဇဘက်၊ တာတာနှင့် ရုရှား စသည့် လူမျိုးပေါင်းစုံ စုစုပေါင်း လူဦးရေ ၂၂ သန်းခန့် အတူတကွ ပူးပေါင်းယှဉ်တွဲ၍ နေထိုင်လျက်ရှိကြသည်။

အုရုံမှုချီမြို့သည် ရှင်းကျန့်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ဥရောပ-အာရှ ဒေသရှိ နိုင်ငံများသို့ အဓိက ဆက်သွယ်ကူးသန်းရောင်းဝယ်ခဲ့သည့် သမိုင်းဝင် ပိုးလမ်းမကြီးပေါ်ရှိ အရေးပါသောမြို့ဖြစ်ကာ ယခုအခါ ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ **(သတင်းစဉ်)**



**တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများဆိုင်ရာဖိုရမ် ကျင်းပစဉ်** (သတင်းစဉ်)

# ကင်းထောက်လူငယ်များအား ကြက်ခြေနီရှေးဦးပြုစုခြင်းအတတ်ပညာ မျှဝေ

**ရန်ကုန် စက်တင်ဘာ ၁၉**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိအခြေခံပညာအထက်တန်းကျောင်းများ၏ ထူးချွန်ကင်းထောက်လူငယ်များအား ကြက်ခြေနီရှေးဦးပြုစုခြင်း အတတ်ပညာများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၆) ရပ်ကွက် အကမ(၁၂)၌ တစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်တွင်းရှိ ကင်းထောက်လူငယ်များအား ကြက်ခြေနီရှေးဦးပြုစုခြင်း အတတ်ပညာ သင်ကြားပေးမှုနှင့် ပတ်သက်၍ မြောက်ဒဂုံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ပြုံးက "မြို့နယ်တွင်းမှာက ကြက်ခြေနီတပ်ရင်းမှာ တပ်ခွဲငါးခွဲ အင်အားရှိရမှာ။ ဒါပေမယ့် ဖွဲ့စည်းပုံအရ အင်အားကမပြည့်ဘူး။ မပြည့်တဲ့အခါမှာ ယူနီဖောင်းဝတ် တပ်ဖွဲ့ဝင်အင်အားသစ်တွေ စုဆောင်းဖို့ လိုအပ်တယ်။ လိုအပ်တဲ့အခါမှာ အရပ်သားတွေ၊ လူငယ်တွေ စုရုံးပြီးတော့ သင်တန်းပေးရတာက ခဲယဉ်းတယ်။ ဝတ်စုံပိုင်းဆိုင်ရာကအစ ထောက်ပံ့ပေးမှုတွေကလည်း ခက်ခဲတယ်။ အခုကတော့ အသင်းရန်ပုံငွေက တစ်စိတ်တစ်ပိုင်း၊ ကျောင်းသားမိဘတွေက တစ်စိတ်တစ်ပိုင်း၊ ပညာရေးဝန်ကြီးဌာနကလည်း နေရာထိုင်ခင်းက အစ တစ်စိတ်တစ်ပိုင်းပါဝင်ကူညီခဲ့တာကြောင့် အခုလိုလုပ်ဖြစ်တာဖြစ်ပါတယ်။ အခုလို ကျောင်းသားမျိုးဆက်သစ်တွေကို သင်ကြားပေးလိုက်တော့ ကျောင်းပြီးတဲ့အခါမှာ တစ်သက်လုံး ကြက်ခြေနီစိတ်ဓာတ်နဲ့ အတတ်ပညာတွေ ရရှိသွားမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ အနာဂတ် ကြက်ခြေနီမျိုးဆက်တွေကို သွေးသစ်လောင်းပေးရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။


**ကြက်ခြေနီရှေးဦးပြုစုခြင်းအတတ်ပညာသင်ကြားမှုတွင် ဆုရရှိခဲ့သည့် ကျောင်းသူတစ်ဦးဆုယူနေစဉ်** (ဓာတ်ပုံ- မင်းထက်)

အဆိုပါ ကင်းထောက်လူငယ်များ ကြက်ခြေနီရှေးဦးပြုစုခြင်း အတတ်ပညာ သင်ကြားမှုတွင် ဆုများ ချီးမြှင့်ခဲ့ရာ ပထမဆုကို မမျိုးသီရိကျော် (အထက-၃)၊ ဒုတိယဆုကို မမေသင်းကြည် (အထက-၃)၊ တတိယဆုကို မောင်ရဲရင့်အောင် (အထက-၃) တို့က ရရှိခဲ့ပြီး အခြားထူးချွန်ဆုများကို မမိုးဖြူသန့် (အထက-၁)၊ မအိအိဖြိုး(အထက-၃)၊ မသဉ္ဇာမိုးထက်(အထက-၁)၊ မသန့်သီရိဝင်း(အထက-၃)၊ မမေဦးစီး(ခ)ဖြိုးပြည့်စုံ (အထက-၁)၊ မအေးချမ်းပွင့်ဖြူ (အထက-၃)၊ မသင်းနန္ဒီသွယ် (အထက-၃)၊ မမြစံပယ်(အထက-၁)၊ မောင်ဇာနည်အောင် (အထက-၃)နှင့် ကြိုးစားအားထုတ်မှုဆုတို့ကို မောင်ဝိုင်းသိန်းတန်နှင့် မမေဖူးသက်ငုံတို့က ရရှိခဲ့သည်။

"အခုလို ပညာရေးဝန်ကြီးဌာနနဲ့ ကြက်ခြေနီတို့ ပူးပေါင်းပြီး မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံကျောင်းသား ကင်းထောက် လူငယ်တွေကို သင်ကြားပေးတာကောင်းပါတယ်။ ဖြစ်လည်းဖြစ်စေချင်ခဲ့တာ ကြာပါပြီ။ အခုလို တတ်နိုင်တဲ့ဘက်ကလည်း ဝိုင်းဝန်းကူညီခွင့်ရလို ဝမ်းသာပါတယ်"ဟု ကျောင်းသားမိဘ တစ်ဦးဖြစ်သည့် ဒေါ်ခင်အေးယုက ပြောသည်။

ယခုသင်ကြားပေးခဲ့သည့် ကြက်ခြေနီ ရှေးဦးပြုစုခြင်း အတတ်ပညာကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသားကင်းထောက်လူငယ် ၉၀ ကျော်ကို သင်ကြားပေးခဲ့ပြီး ကျောင်းသားလူငယ်များအား ဒီဇင်ဘာ ကျောင်းပိတ်ရက်များနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် ထပ်မံသင်ကြားပေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများစီစဉ်ပေးရန်လိုအပ်

**မန္တလေး စက်တင်ဘာ ၁၉**
မြန်မာနိုင်ငံအတွင်းသို့ လာရောက် လည်ပတ်လေ့လာကြသည့် နိုင်ငံတကာဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများစီစဉ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်လေ့လာ ကြည့်ရှုစရာ သဘာဝအမွေအနှစ်များ၊ ရှေးဟောင်းစေတီပုထိုးကျောင်းကန်များ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများနှင့် သမိုင်းအထောက်အထားများ များစွာ တည်ရှိနေပြီး အထူးသဖြင့် မန္တလေးမြို့သည် သဘာဝအမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမြောက်အမြား တည်ရှိသော မြို့ဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပ ဧည့်သည်များ စိတ်ဝင်စားစွာ လာရောက်လေ့လာမှုများပြားလျက်ရှိသော်လည်း ၎င်းတို့အတွက် ဧည့်ဝတ်ကျေပွန်သော ဝန်ဆောင် မှုကောင်းများပေးနိုင်ရန် ဆောင်ရွက်ထားနိုင်မှုမရှိသေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာန)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

"အနီးစပ်ဆုံးပြောရရင် မန္တလေးကိုရောက်ရင် အဓိကသွားလာတတ်ကြတဲ့ တောင်သမန်အင်းနဲ့ ဦးပိန်တံတားမှာ သူတို့အတွက် မောပန်းလို့ ရေသောက်စရာ၊ အပန်းဖြေစရာနေရာ သီးသန့်မရှိဘူး။ နိုင်ငံတကာစံနှုန်းနဲ့ကိုက်ညီတဲ့ စားသောက်ဆိုင်တွေနဲ့ သူတို့သိလိုသမျှ မေးမြန်းနိုင်ဖို့ပြန်ကြားရေးဌာန မရှိဘူး။ တောင်သမန်အင်းရောက်လို့ လှေစီးတဲ့အခါမှာလည်း လှေသမားတွေက ကျွမ်းကျင်စွာ လှော်ခတ်ပေးကြပေမယ့် သူတို့အတွက် ကြိုတင်ကာကွယ်ပေးဖို့ အသက်ကယ်ဝတ်စုံတွေမရှိဘူး။ ပြည်တွင်း ပြည်ပ ဧည့်သည်တွေ ဒီဒေသကို လာရောက်ကြည့်ရှုတဲ့အတွက် ဝင်ကြေး မပေးဆောင်ရပေမယ့် သူတို့တစ်တွေ အဆင်ပြေစွာသွားလာနေထိုင် စားသောက်ဖို့အတွက် ဧည့်ဝတ်ကျေပွန်ဖို့ လိုအပ်မယ်လို့ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုအခါ နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ တစ်နှစ်ထက် တစ်နှစ် ပိုမိုဝင်ရောက်လျက်ရှိရာ ၎င်းတို့လေ့လာလည်ပတ်မှု များပြားသည့်နေရာဒေသများတွင် ကောင်းမွန်သောဝန်ဆောင်မှုများ စီစဉ်ထားရှိခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မင်းထက်အောင် (မန်းကိုယ်ပွား)**

# သဃ်န်းကျွန်းမြို့နယ်၌ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာလဲလှယ်တပ်ဆင်

**ရန်ကုန် စက်တင်ဘာ ၁၉**
ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် သဃ်န်းကျွန်းမြောက်ခွဲရုံ၏ ၅ အမ်ဗွီအေ ထရန်စဖော်မာအား ၁၀ အမ်ဗွီအေထရန်စဖော်မာဖြင့် စက်တင်ဘာ ၁၈ ရက်က အစားထိုးလဲလှယ်တပ်ဆင်ခဲ့ကြောင်း သိရသည်။

ယခင်က ယင်းခွဲရုံ၌ (၃၃/၆ ဒသမ ၆) ကေဗွီ၊ (၁၀+၅) အမ်ဗွီအေ တပ်ဆင်ထားခဲ့ပြီး ယခုတွင် (၃၃/၆ ဒသမ ၆) ကေဗွီ၊ (၁၀+၁၀) အမ်ဗွီအေဖြင့် ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အစားထိုးလဲလှယ်တပ်ဆင်ဆောင်ရွက်မှုကို အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ ဦးစံဌေး၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်/ယာ) ဦးသန်းထွန်းအေးနှင့် ရုံးချုပ်မှ မြေအောက်ကြိုးဌာနနှင့် ဓာတ်ဖြန့်မှ အရာထမ်း/အမှုထမ်းများ၊ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်ကြည်(သဃ်န်းကျွန်း)**


**(၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့အမှတ်(၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ကျော်ဇင်စိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းစဉ်**
(ခရိုင် ပြန်/ဆက်)




မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထားဝယ် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဝင်များအား ဆွေးနွေးပြောကြားစဉ် (သတင်းစဉ်)

❊ ကျောဖုံးမှ

ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထားဝယ်အထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများဆောက်လုပ်ရန် စီစဉ်ထားရှိမှု၊ ထားဝယ် ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ထားဝယ်အထူးစီးပွားရေးဇုန် ပြင်ပတွင် Small Port တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဟံစိန်က ကော်မတီ၏ ဖွဲ့စည်းမှုနှင့် ကော်မတီဝင်များ၏ လက်ရှိတာဝန်ထမ်းဆောင်နေမှု၊ အထူးစီးပွားရေးဇုန်စီမံကိန်းတွင် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှပ်စစ်နှင့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့အပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြိုတင်တွက်ချက်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းသည် ထားဝယ်ဒေသရှိ မောင်းမကန်အပါအဝင် ခရီးသွားလုပ်ငန်းနှင့်ပါ ဆက်စပ်နေ၍ နိုင်ငံတော်အတွက် အကျိုးရှိမည့် စီမံကိန်းကြီးဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် တာဝန်ရှိသူများအပါအဝင် ဒေသခံများကလည်း နိုင်ငံတော်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ လောင်းလုံးမြို့နယ် ပန်းတင်အင်းချောင်းဝတွင် ထားဝယ် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် ရေနက်ဆိပ်ကမ်းအတွက် လိုအပ်သည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ယာဉ်နှင့် ယန္တရားများ တင်ပို့နိုင်ရေးအတွက် တည်ဆောက်ထားသည့် Small Port ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စက်မှုဇုန်များ ဇုန်အလိုက် သတ်မှတ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာတွင် လုပ်ငန်းစတင်ရန် လက်မှတ်ရေးထိုးခဲ့ကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ MoU လက်မှတ်ရေးထိုးခဲ့သည်။

လက်ရှိတွင် ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းပြီးစီးပါက တောင်တရုတ်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ကို ဆက်သွယ်ပေးမည့် အရှေ့အနောက် စီးပွားရေးစင်္ကြံဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွက်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ ဈေးကွက်တိုးချဲ့နိုင်မှု၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် မဟာဗျူဟာကျသော နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်အတူ ပေါ်ပေါက်လာမည့် ထားဝယ် ရေနက်ဆိပ်ကမ်းကိုအသုံးပြုခြင်းဖြင့် အရှေ့အလယ်ပိုင်း အာဖရိကနှင့် ဥရောပမှကုန်ပစ္စည်းများကို မလက္ကာရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းရန်မလိုဘဲ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ မောင်းမကန်ကမ်းခြေသို့ ရောက်ရှိကြပြီး မောင်းမကန်ကမ်းခြေဒေသ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား ဒုတိယသမ္မတက ဆွေးနွေးမှာကြားရာတွင် ကမ်းခြေတွင် အများပြည်သူများ အပန်းဖြေနားနေရန် ကမ်းခြေနယ်မြေဧရိယာကို ကျယ်ကျယ်ပြန့်ပြန့် ရှိစေရေးအတွက် ကြိုတင်မျှော်မှန်း ဆောင်ရွက်ကြရန်လိုကြောင်း မြေအသုံးချရာတွင်လည်း ဥပဒေ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



# (၁၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး (၆/၂၀၁၆) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး(၆/၂၀၁၆)ကို ပြည်ထောင်စုလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၄ နာရီတွင် ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ဒေါ်စုစုလွင်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဇော်သိန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အစည်းအဝေးဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီများက လိုအပ်သည်များ ဆွေးနွေးဆုံးဖြတ်ကြသည်။ ထို့နောက် အာဆီယံ ပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူး

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day)အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးခဲ့သည်။

**"Write a letter to your 45-year-old self"** ဟူသော ခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၃-၁-၂၀၁၆ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် အထက(၂)စစ်တွေ အဋ္ဌမတန်းမှ မောင်ကောင်းထက်စိုးက ဆွတ်ခူးရရှိသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ပထမဆုရှင် မောင်ကောင်းထက်စိုး၏ ပေးစာရေး စာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ကျောဖုံးမှ

ပြာသိုလပြည့်မှ တန်ခူးလပြည့်အတွင်းမှာ ဖုတ်ပြီး အထူးသဖြင့် ပြာသိုနှင့် တပို့တွဲလများတွင် အားထည့်၍ ထုတ်လုပ်ကြကာ တပေါင်းနှင့် တန်ခူးလများတွင် ရာသီဥတုအခြေအနေကိုကြည့်ပြီး ထုတ်လုပ်ကြရကြောင်းကို ရှင်းပြသည်။

ဒေသထွက် သောက်ရေအိုးများသည် ထုတ်လုပ်ပြီးပါက အိုးဖုတ်သည့်ကွင်း၌ မှာယူသူနှင့် ဝယ်ယူသူများသဖြင့် ချက်ချင်းကုန်သွားတတ်ပြီး ယခုရာသီတွင် အိုးဖုတ်ခြင်း မပြုလုပ်ကြောင်း၊ အိုးများဖုတ်ပါက ထုတ်လုပ်မှုများသလောက် အပျက်အစီးများခြင်းကြောင့် စစ်ကိုင်းအိုး ထုတ်လုပ်သူများအနေဖြင့် လုပ်အားနှင့်အမြတ်ရရှိမှု ကိုက်ညီမှုမရှိသဖြင့် အိုးများမဖုတ်ဘဲ သောက်ရေအိုးရောင်းကုန်ပြတ်လပ်မှု မရှိစေရန်အတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ရန္တပိုကျေးရွာထွက် သောက်ရေအိုးများကို အစားထိုးရောင်းချခြင်း ဖြစ်ကြောင်းကို အိုးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

အိုးထုတ်လုပ် ရောင်းချသူက ဧရာဝတီမြစ်ရေလမ်းမှ စက်တပ်ယာဉ်နှင့် စစ်ကိုင်းမြို့မြစ်ဆိပ်ကမ်းသို့ အရောက်ပို့ပေးပြီး လက်ကားဝယ်ယူသူများက ကမ်းနဖူးတွင် စစ်ဆေးလက်ခံသယ်ယူ၍ စစ်ကိုင်းမြို့ ဈေးကွက်မှတစ်ဆင့် ပြန်လည် ရောင်းချကြောင်း သိရသည်။

# မှုခင်းပညာပေးယာဉ်ဖြင့် ပြည်သူများအား ပြသ

**မိုးညို စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့သို့ မှုခင်းပညာပေးယာဉ် ရောက်ရှိကာ ခရိုင်ဒုတိယရဲမှူးကြီး ကျော်စိုး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များက မိုးညိုမြို့ သခင်လှရိုန်ရပ်ကွက် ဓူဝံ ကားဂိတ်ရှေ့၌ မှုခင်းပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပညာပေးပြပွဲသို့ အထက၊ အလကများမှ ကျောင်းအုပ်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၉၃ ဦးတို့ လာရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဇောတိကရပ်ကွက် မြို့မဈေးရှေ့တွင်ပြသခဲ့ရာ ပြည်သူလူထု ၂၁၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ကဝမြို့နယ်၌ လူထုအခြေပြု လေ့လာမှုစခန်းဖွင့်

**ပဲခူး စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ အောင်မင်္ဂလာရပ်ကွက် စိုက်ပျိုးရေး ပညာပေးရှေ့တန်းစခန်း၌ လူထုအခြေပြုလေ့လာမှုစခန်း (Community Learning Centre) ကို စက်တင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ခရိုင်၊ မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၁၂၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးက အမှာစကားပြောကြားသည်။ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လူထုအခြေပြု လေ့လာမှုစခန်း (Communtiy Learning Centre) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်ကို တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။ ယခုဖွင့်လှစ်ထားသော (လူထုအခြေပြု လေ့လာမှုစခန်း)သည် ကဝမြို့နယ်၏ အချက်အချာကျသောနေရာတွင် တည်ရှိပြီး နေ့စဉ် တောင်သူများ အကျိုးကျေးဇူးများအတွက် ဆောင်ရွက်လျက်ရှိကာ တောင်သူပညာပေး သင်တန်းများကိုလည်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရာတွင် ကောင်းမွန်သောစီမံခန့်ခွဲမှုစနစ်ရှိပါက နိုင်ငံစီးပွားဖွံ့ဖြိုးမှု အထောက်အကူပြု



**နေပြည်တော် စက်တင်ဘာ ၁၉**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တု၊ သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၁၉) သီရိရတနာခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သယံဇာတ တူးဖော်ထုတ်လုပ်ရာ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လေ့လာဆန်းစစ်ချက်များနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လေ့လာဆန်းစစ်ချက်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေး စီမံချက်များကိုလည်း မဖြစ်မနေပြုလုပ်သွားကြ ရမည်ဖြစ်ကြောင်း၊ ယခုအခါ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ကွက်အသစ်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် သတ္တုတွင်းဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရာတွင် ကောင်းမွန်သောစီမံခန့်ခွဲမှုစနစ်ရှိပါက ဝင်ငွေအများအပြားရရှိကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူပြုပြီး ဆင်းရဲနွမ်းပါးမှုလျော့ကျစေမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုအားနည်းပါက ယင်းအရင်းအမြစ်များသည် ဆင်းရဲနွမ်းပါးမှု၊ အကျင့်ပျက်ခြစားမှုနှင့်ပဋိပက္ခတို့ကို ဖြစ်ပွားစေမည်ဖြစ်ကြောင်း၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်ကို ထုတ်ပြန်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သီးခြားအကြံပြုသူများ၏ အကြံပြုချက်များနှင့်အတူ ဥပဒေ ရေးထုံးနှင့်အညီ မူကြမ်းပြုစုပြီးထုတ်ပြန်တော့မည်ဖြစ်ကြောင်း၊ သတ္တုသဏ္ဍာ၊ သစ်တောကဏ္ဍာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍာတို့ကို တာဝန်ရှိသူများ အနေဖြင့် အခက်အခဲများအား ပွင့်ပွင့်လင်းလင်းဆွေးနွေးကြစေလိုကြောင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများအတွက် ကျန်းမာရေးပံ့ပိုးမှု အလေးထားဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌဒေါက်တာသန်းဝင်းတို့သည် 3MDG Fund Board အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် 3MDG Fund Board အဖွဲ့က မြန်မာနိုင်ငံတွင် ကူညီဆောင်ရွက်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံကိန်းအား ၂၀၁၂ မှ ၂၀၁၇ ခုနှစ်ထိ စီစဉ်ထားရှိပါကြောင်း၊ အဆိုပါ စီမံကိန်းများထဲတွင် HIV/AIDS, TB, Malaria ရောဂါနှိမ်နင်းရေး၊ ကာကွယ်ကုသရေးဆိုင်ရာ ကိစ္စရပ်များ၊ မိခင်နှင့် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပါဝင်ပြီး အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးပေးပါရန် ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌများက မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်၊ ပြည်သူ့ငွေကြေးအသုံးချမှုစနစ်၊ ကျန်းမာရေးလုပ်သားအင်အား စီမံခန့်ခွဲမှုစနစ်၊ ကျန်းမာရေးဝန်ထမ်းများ စိတ်ဓာတ်ရေးရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများနှင့် နာဂဒေသကဲ့သို့သော ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများအတွက် ပံ့ပိုးမှုများ ပိုမိုအလေးထားဆောင်ရွက်ပေးနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ငလျင်ဒဏ်သင့်ပုဂံဘုရားများပြုပြင်ရန် အလှူငွေများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

ယဉ်ကျေးမှုနယ်မြေပုဂံရှိ ငလျင်ဒဏ်သင့်ဘုရားစေတီများ ပြုပြင်ရန်အတွက် စမ်းချောင်းမြို့နယ်အတွင်းမှ ဘုန်းတော်ကြီး ကျောင်းတိုက်များက စုပေါင်း၍အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်က ဗားကရာတိုက်ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်သည်။

အလှူငွေပေးအပ်ပွဲ၌ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက် ပညာဘူမိဘုန်းကြီးကျောင်းမှ ငွေကျပ် ၄၇ သိန်း၊ မုန့်လုပ်ဆောင်းကုန်း တောင်ရပ်ကွက် ဘုန်းကြီးကျောင်းများမှ ငွေကျပ် ၁၉၈၉၅၀၀၊ ဗားကရာတိုက်ဘုန်းတော်ကြီးကျောင်းများမှ ငွေကျပ် ၈၁၀၀၀၀၊ ဟုမ်းလမ်း၊ ရှင်စောပု၊ အောင်ချမ်းသာ၊ ကျွန်းတောတောင်၊ မြေနီကုန်းတောင်၊ မြောက်ဘုန်းတော်ကြီးကျောင်းများမှ ငွေကျပ် ၁၄၄၀၀၀၀ ဉယျာဉ်တိုက်ကျောင်းများမှ ငွေကျပ် ၁၉၈၉၅၀၀ ကို ကျောင်းတိုက်များကိုယ်စား အလှူရှင်များက ပေးအပ်လှူဒါန်းရာ စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က လက်ခံယူပေးခဲ့သည်။

**ကိုကြီးတင်**

# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု၊ မြဝတီခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မြဝတီ စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်နေ့တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်က ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့၊ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စု(မြဝတီ)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(မြဝတီ)တို့မှ စုစုပေါင်း တပ်ဖွဲ့ဝင် ၂၇ ဦးတို့က ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ ခရိုင်ဆေးရုံအုပ်ကြီးဒေါက်တာသီတာစိုးနှင့် ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာသိန်းမောင်တို့က အဆိုပါ သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်နှင့် မုန့်များပေးဝေခဲ့ကြောင်း သိရသည်။ **သတင်း-မောင်မွှေး၊ ဓာတ်ပုံ-တေဇာအောင်**




# ရန်ကုန်-မန္တလေး အမှတ်(၅) အဆန်ရထားပေါ်တွင် ခရီးသည်ကိုယ်ဝန်ဆောင်မိခင်တစ်ဦးမီးဖွား

**သာစည် စက်တင်ဘာ ၁၉**

ရန်ကုန်-မန္တလေး အမှတ်(၅)အဆန်ရထားပေါ်၌ စီးနင်းလိုက်ပါလာသည့်ခရီးသည် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ကလေးမီးဖွားလျက်ပါရှိလာသည့်အတွက် စက်တင်ဘာ ၁၈ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင် သာစည်ဘူတာသို့ ရထားဆိုက်ရောက်ချိန်၌ သာစည်ဘူတာရထားရဲစခန်းမှ ဒုတပ်ကြပ် ညွန့်ဝင်း၊ ရထားလုံခြုံရေးတပ်ဖွဲ့မှ ဒုတပ်ကြပ်တင့်လွင်နှင့် မြန်မာ့မီးရထားသာစည်ဘူတာမှ လက်မှတ်သိမ်း ဦးဇင်မင်းထွန်းတို့က အရေးပေါ်လူနာတင်ယာဉ်ဖြင့် မီးဖွားလူနာအမျိုးသမီးကို မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်တင်ပို့ပေးခဲ့ကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါမီးဖွားလူနာမှာမနိုင်နိုင်မော် (၃၀ နှစ်) ဘောနင်းကျေးရွာ တောင်ငူမြို့နေသူဖြစ်ပြီး မန္တလေးသို့သွားရန်အတွက် ညီမဖြစ်သူကိုအဖော်ခေါ်၍ တောင်ငူဘူတာမှ အမှတ်(၅)အဆန် ရန်ကုန်-မန္တလေးရထား ရိုးရိုးလူစီးတွဲ တွဲအမှတ်-(၅) ခုံအမှတ်(၂၁)တွင် စီးနင်းလိုက်ပါလာစဉ် ပျော်ဘွယ်ဘူတာနှင့် ညောင်ရမ်းဘူတာကြားအရောက်၌ ဗိုက်နာလာသဖြင့်အနီးရှိခရီးသည်များကို အကူအညီတောင်းရာ အဆိုပါတွဲပေါ်တွင် လိုက်ပါလာသည့် အငြိမ်းစားသူနာပြုသားဖွားဆရာမ ဒေါ်ဖြူဖြူသန်းက ခရီးသည်အမျိုးသမီးများ၏ အကူအညီကိုယူ၍ ယင်းတွဲပေါ်၌ပင် လေးပေါင်ခွဲခန့်ရှိ မိန်းကလေးတစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါသာစည်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်နေသည့် မနိုင်နိုင်မော်နှင့် ရင်သွေးငယ်လေးတို့နှစ်ဦးစလုံး ကျန်းမာရေးကောင်းမွန်စေရန်အတွက် သာစည်ရထားရဲတပ်ဖွဲ့စခန်းနှင့် မြန်မာ့မီးရထားသာစည်ဘူတာရုံမှ ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးရန် အဆိုတင်သွင်း

**တောင်ကြီး စက်တင်ဘာ ၁၉**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခိုင်ညီညီကျော်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကာ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သောသဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်၏သဘောတူညီချက်ရယူ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၉ ခု မေးမြန်းရာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ဖြေကြားပြီး ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးက ပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီးအဆို နှင့်ပတ်သက်၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်၏ ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးရန် အဆိုတင်သွင်းပြီး ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းထွန်း ထောက်ခံဆွေးနွေးကာ ပြည်နယ်လွှတ်တော်တွင် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူရာ ပြည်နယ်လွှတ်တော်က သဘောတူသဖြင့် ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ်သင်္ချာမိသားစု ကျန်းမာရေးစောင့်ရှောက်မှုငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတက္ကသိုလ်သင်္ချာမိသားစု အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျောင်းသားဟောင်း ဦးရန်ဂျစ်ကူမာဒတ်စ်၊ ရွှေကျေးမင်းအီလက်ထရွန်နစ် မိသားစုမှ မိခင်ကြီး ဒေါ်ကျန်ကျလားကွယ်လွန်ခြင်း နှစ်နှစ်ပြည့်နှင့် ဖခင်ကြီး ဦးဒီဘီဒတ်စ်တို့အား ရည်စူး၍ အလှူငွေကျပ်ငါးသိန်းကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ က မန္တလေးမြို့ လမ်း ၈၀၊ ၂၈ လမ်းနှင့် ၂၉ လမ်း နေအိမ်၌ ကျန်းမာရေးစောင့်ရှောက်မှုဥက္ကဋ္ဌ ဦးမျိုးမင်း (KEC) နှင့် အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ၇၂ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားနေ သင်္ချာတွဲဖက်ပါမောက္ခ (ငြိမ်း)ကလည်း ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဝေါလေကို ရောက်ခဲ့တယ်




**မော်တော်ယာဉ်များဖြင့် မြဝတီမှ ထွက်လိုက်သည်နှင့် ပထမဆုံးတွေ့ရသည်မှာက မယ်တော်သလေးကျေးရွာ။ ၄င်းရွာအဝင်၌ ဆောက်လုပ်ထားသော ရန်နိုင်လွင်တံတားလေးအကြောင်းကိုတော့ ဆောင်းပါးတစ်ပုဒ်မှာ ကျွန်တော်ရေးခဲ့ဖူးပါပြီ။ KNU တပ်မဟာ(၁)မှ ဗိုလ်မှူးရန်နိုင်နှင့် နယ်ခြားစောင့်တပ်ရင်းမှ တပ်မှူးစောမုတ်သိုလ် (ခေါ်) ဗိုလ်မှူးဝေလွင်တို့ သူငယ်ချင်းနှစ်ဦးသည် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ထိုတံတားလေးကို တည်ဆောက်ကာ ရန်နိုင်လွင်ဟု အမှည့်ခေါ်ထားခြင်းဖြစ်သည်။ မယ်တော်သလေးမှ ဆက်ထွက်လျှင် သောင်းရင်းမြစ်တစ်လျှောက် ဖလူးကြီး၊ ဖလူးလေး၊ သေ့ဘောဘိုး၊ ဆုံဆည်းမြိုင်၊ ဝေါလေ(ဝေါလေမြိုင်)သို့ ရောက်ရှိသွားမည်ဖြစ်သည်။ သောင်းရင်းမြစ် တစ်ဖက်ကမ်း ထိုင်းနယ်စပ်မှ ကျေးရွာများကိုလည်း လှမ်းမြင်နေရသဖြင့် အမည် နာမများအား မေးမြန်းကြည့်ရာ သေ့ဘောဘိုး တစ်ဖက်ကမ်း၌ မော်လီချိုင်းကျေးရွာ၊ ဆုံဆည်းမြိုင်၏ အရှေ့ဘက်တွင် မိုကယ်ထိုင်း၊ ဝေါလေမြို့အနီး၌ ဝေါလီသိုက်ကျေးရွာများ တည်ရှိနေကြကြောင်း သိခွင့်ရလိုက်ပါသည်။ ကျွန်တော်တို့ဘက်က ဝေါလေနှင့် သူတို့ဘက်က ဝေါလီသိုက်အမည်များကတော့ ခေါ်ရတာချင်း ခပ်ဆင်ဆင်တူနေသည်ကိုလည်း သတိပြုမိသည်။ အဓိပ္ပာယ်တူနေတာတွေလည်း ရှိကောင်းရှိနိုင်ပါသည်။**

ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရလဒ်ကောင်းများ ပေါ်ထွက်လာပြီးနောက် မြိုင်ကြီးငူဆရာတော်ကြီး ဦးဆောင်၍ တည်ဆောက်ခဲ့သော လမ်း၊ တံတားနှင့် မြို့ရွာအမည်များအား မြိုင်နှင့် အဆုံးသတ်လေ့ရှိသည်ကိုလည်း တွေ့ရသည်။ ဥပမာအားဖြင့် ရွာလေးများ၏ အမည်ကို ထိုက်ဆန်းမြိုင်၊ ပွင့်ဆန်းမြိုင်၊ သစ္စာအေးမြိုင်၊ ဆုံဆည်းမြိုင်ဟု မှည့်ခေါ်ထားပြီး တံတားအမည်များမှာလည်း ထိုနည်းနှင်နှင်ပင်။ ငြိမ်းချမ်းရေးကို အပြည့်အဝ တည်ဆောက်နိုင်ခဲ့ပြီးနောက် KNU တပ်ဖွဲ့ဝင်မိသားစုများ အခြေချနေထိုင်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာတွင် နေအိမ် ၂၇၈ လုံး၊ ပိုင်ကျုံဒေသ ပွင့်ဆန်းမြိုင်ကျေးရွာတွင် နေအိမ် ၆၄ လုံး၊ ဖောထိခုဒေသ သဇင်အေးမြိုင်ကျေးရွာတွင် နေအိမ် ၈၆ လုံး၊ ရွှေကုက္ကိုဒေသ ထိုက်ဆန်းမြိုင်ကျေးရွာတွင် နေအိမ် ၉၂ လုံး စုစုပေါင်း ၅၄၄ လုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း ကော့ကရိတ်မြို့နယ် ကောင်းမူတွင် ၂၅ လုံး၊ မြဝတီမြို့နယ် ဆုံဆည်းမြိုင်တွင် အလုံး ၅၀၊ လှိုင်းဘွဲမြို့နယ် မဲသဝေါတွင် ၂၅ လုံး၊ မဲသရီတွင် အလုံး ၅၀၊ မောဖိုးကေတွင် အလုံး ၅၀၊ ကြာအင်းဆိပ်ကြီးမြို့နယ် မြိုင်သာယာစံပြကျေးရွာတွင် အလုံး ၁၀၀၊ မက္ကသာကျေးရွာတွင် အလုံး ၅၀ စုစုပေါင်း ၃၅၀ လုံး တည်ဆောက်နေရာချထားပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း မြဝတီမြို့နယ် လေးကေ့ကော်ကျေးရွာတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၁၈၈ လုံး၊ ပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် ၂၅လုံး စုစုပေါင်း ၂၁၃ လုံး တည်ဆောက်နေရာချထားပေးခဲ့ပြီးဖြစ်သည်။

ကျွန်တော်တို့ရောက်ရှိခဲ့သော ဆုံဆည်းမြိုင်ကျေးရွာတွင် မူလရွာဟောင်းအပါအဝင် စုစုပေါင်း အိမ်ခြေ ၁၇၀ ခန့် ရှိနေပြီဖြစ်သည်။ အလားတူ သေ့ဘောဘိုးကျေးရွာ၌ အိမ်ခြေ ၁၃၀ ခန့်၊ ဝေါလေမြို့တွင် အိမ်ခြေ ၅၀၀ကျော် ရှိနေပြီဖြစ်ကြောင်းသိရသည်။ ကျွန်တော်ရောက်လေရာ နယ်စပ်ဒေသများ၊ တွေ့မြင်ခဲ့ရာအခြေခံပညာအထက်တန်းကျောင်းများတွင် အမြဲတမ်းစေ့ငုမေးမြန်းမိသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း မည်မျှရှိသည်ဆိုသည်ကိုပဲ ဖြစ်၏။ ဝေါလေ အထကအနေဖြင့် ၃၃ ဒသမ ၃ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ စုစုပေါင်း ကျောင်းသားအရေအတွက်မှာ ၅၈၀ ဦး တက်ရောက်သင်ကြားနေကြောင်း သိရသည်။ ဆုံဆည်းမြိုင်၌ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်ခွင့် ပြုထားပြီးဖြစ်၏။ အလယ်တန်းကျောင်းသားဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလာလျှင် ကျောင်းအဆောက်အအုံထပ်မံလိုအပ်လာမည် ဖြစ်ပါသည်။ မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း ထိုင်းနိုင်ငံအပါအဝင် အခြားအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုကို ရယူပြီး ရွှေ့ပြောင်းမိသားစုများ၏ ကလေးငယ်များ ပညာရေးအတွက် ဖွင့်လှစ်ထားသော MEC စာသင်ကျောင်းများ စုစုပေါင်း ၇၈ ကျောင်းရှိနေကြောင်း လေ့လာသိရှိရသည်။ ကရင်ဘာသာ၊ ရှမ်းဘာသာနှင့် ထိုင်းဘာသာတို့ကို အဓိကထား၍ သင်ကြားလျက်ရှိကြောင်း သိရသည်။ သေ့ဘောဘိုးတွင် ဖွင့်လှစ်ထားသော ကျောင်းမှာ MEC ကျောင်းဖြစ်နေသဖြင့် အခြေခံပညာကျောင်းတစ်ကျောင်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။



ကောကရိတ်မြို့နယ် ဝေါလေမြို့အခြေခံပညာအထက်တန်းကျောင်း

မိမိတို့နိုင်ငံ၏ ပထဝီအနေထားနှင့် ရေမြေတောတောင်သဘာဝများအရ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် မြောက်မှတောင်သို့ စီးဆင်းကြသည်သာ၊ တောင်မှမြောက်၊ အရှေ့မှအနောက်၊ အနောက်မှ အရှေ့ ပြောင်ပြန်စီးသော မြစ်အရေအတွက်ကို လက်ချိုး၍ ရပါသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြစ်သာမြစ်ရှိနေသကဲ့သို့ ယခုတွေ့ရသော သောင်းရင်းမြစ်သည်လည်း ပြောင်းပြန်စီးသော မြစ်တစ်စင်း ဖြစ်လို့နေပေသည်။ ဆုံဆည်းမြိုင်အထက်နား၌ ချောင်းကလေးနှစ်သွယ်ပေါင်းဆုံ၍ သောင်းရင်းမြစ်ဟူသောအမည်နာမ တွင်ရစ်လာခြင်းဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ကဒူးကနန်းဒေသ၊ ဟော်ယော်စာခမ်းကျေးရွာများ၏ အထက်တွင် မြောင်းကလေးသာသာဘဝဖြင့် မြစ်ဖျားခံသော မူးမြစ်ကို ပြေး၍သတိရမိသေးတော့၏။ မမြင်ဖူး မူးမြစ်ထင် ဆိုသည့်စကားပုံ၏ အဓိပ္ပာယ်ကတော့ ဘာကိုရည်ရွယ်ထားလဲမသိ၊ မူးမြစ်ဖျားဒေသတွင် မြစ်၏အကျယ်အဝန်းမှာ ပီဘိမြောင်းငယ်ကလေးတစ်ခုပမာ မြင်တွေ့ခဲ့ရသည်မှာ အမှန်ပင်။

ဤမည်သော သောင်းရင်းမြစ်ကို ဗဟိုပြု၍ မိမိတို့နိုင်ငံဘက်မှလည်း ပြောင်းခင်းတွေ စိုက်ထားသည်မှာ တစ်မျှော်တစ်ခေါ်၊ ထိုနည်းတူစွာ ထိုင်းနိုင်ငံဘက်ကို လှမ်းမျှော်ကြည့်လိုက်လျှင်လည်း စိမ်းစိမ်းညို့ညို့ ပြောင်းခင်းကြီးတွေက ဆက်ကယ်ဆက်ကယ်ရှိနေသည့်အပြင် ပြောင်းခင်းများအတွင်းမှာ ဖောက်လုပ်ထားသော ကုန်ထုတ်လမ်းကလေးများကိုပင် လှမ်း၍တွေ့မြင်နေရသည်။ ကရင်ပြည်နယ်အတွင်း ဒေါနတောင်တန်းကြီး၏ အရှေ့ဘက်ခြမ်းဒေသများသည် ပြောင်းစိုက်ပျိုးရေးကို အားထားပြီး အနောက်ဘက်ခြမ်းဒေသများကမူ မြေပြန့်လွင်ပြင် များပြားမှုကို အားပြု၍ ဆန်စပါးကို အခြေခံစိုက်ပျိုးကြကြောင်း တွေ့ရသည်။ ပြောင်းစိုက်ပျိုးကြသူများသည် တိရစ္ဆာန်အစားအစာနှင့် အခြားလုပ်ငန်းများတွင် အသုံးဝင်သော ကော်ပြောင်းဟုခေါ်သည့် ပြောင်းမျိုးကို အများဆုံး စိုက်ပျိုးကြသည်။ တစ်ဖက်နိုင်ငံ လုပ်ငန်းရှင်များထံမှ ပြောင်းမျိုး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး အစရှိသည်တို့အား ကြိုတင်ရယူခြင်း၊ အလုပ်သမားခ၊ ထွန်ယက်စိုက်ပျိုးခများ ပေးချေရန် ဘတ်ငွေများ ချေးယူခြင်း၊ ခြွေလှေ့ချိန်၌လည်း ထိုင်းနိုင်ငံမှ စက်များဖြင့် ပြောင်းတစ်ပုံးလျှင် ဘတ်ငွေသုံးဘတ်နှုန်း ပေးချေဆောင်ရွက်ရခြင်း၊ မိမိတို့က ပြန်လည်ရောင်းချချိန်၌ ထိုင်းနိုင်ငံဘက်ကမ်းအထိ သွားရောက်ရောင်းချလျှင် ဈေးတစ်မျိုး၊ မိမိတို့ဘက်ကမ်း၌ ရောင်းချလျှင်ဈေးတစ်မျိုး၊ အစိုဓာတ်များလျှင် ဈေးတစ်မျိုး၊ မများလျှင် ဈေးတစ်မျိုးဖြင့် ဈေးနှိမ်ခံပြီး ရောင်းဝယ်ဖောက်ကားလျက်ရှိကြရာ အားမနာတမ်းပြောရလျှင် မိမိတို့နိုင်ငံသားများအနေဖြင့် မိအေးနှစ်ခါမက အကြိမ်ကြိမ်အခါခါ နစ်နာလျက်ရှိကြောင်း တွေ့မြင်ခဲ့ရပေသည်။ ခြွေလှေ့စက်များ ကူညီပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ ထိုင်းနိုင်ငံဈေးကွက်တွင် အရည်အသွေးပြည့်မီစွာ ရောင်းချနိုင်ရေးအတွက် အခြောက်ခံစက်များ အသုံးပြုနိုင်သည်အထိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဖျတ်ခနဲပြေး၍ မြင်မိသည်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ဆက်စပ်နေသော မြန်မာ-တရုတ်နယ်စပ်အနီး မိန်းတိန်မြို့ရှိ တစ်နေ့လျှင် တန်တစ်သောင်းကျ သကြားစက်ရုံကြီးပင်ဖြစ်သည်။ ချင်းရွှေဟော်မြို့မှလည်းကောင်း၊ လောက်ကိုင်မြို့မှလည်းကောင်း၊ နယ်စပ်ကိုဖြတ်သွားလျှင် မဝေးလှပါ။ ၁၉၉၅ ခုနှစ် လောက်ကိုင်မြို့၌ ကျွန်တော် တာဝန်ထမ်းဆောင်စဉ် သူတို့ဘက်က နမ့်စန်မြို့လေးကို ဆိုင်ကယ်စီး၍ မကြာခဏရောက်ဖူးခဲ့ပြီးဖြစ်သည်။ သို့တစေ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ၌ လင်ချမ်းဈေးပွဲတော်ကို အကြောင်းပြုပြီး ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား ကူမင်းမှတစ်ဆင့် ပို့ဆောင်ပေးခဲ့ရာ မိမိတို့နယ်စပ်ဒေသများအား လေယာဉ်ပျံအဆင့်ဆင့် စီး၍ လာကြည့်ရသလိုမျိုးဖြစ်ခဲ့သည်။ ဆိုခဲ့သည့်အတိုင်း မိန်းတိန်သကြားစက်ကြီးကို လိုက်လံပြသကြရာ ထိုသကြားစက်အတွက် လိုအပ်သော ကြံများအလုံအလောက်ရရှိနိုင်ရန်မှာ လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသရှိ မိမိတို့ တိုင်းရင်းသားများ၏ ကြံစိုက်ခင်းများကိုလည်း အားပြုနေရကြောင်း တွေ့ရှိရသည်။ စိုက်နည်းစနစ်နှင့် ရောင်းဝယ်ဖောက်ကားမှုစနစ်မှာ အထက်ကပြောင်းစိုက်ခင်းများကဲ့သို့ပင် အကြိမ်ကြိမ်နစ်နာဆုံးရှုံးမှုများ ရှိနေကြောင်း တွေ့ရသည်။

မြဝတီမှ ဝေါလေသို့ အသွား၊ လမ်းခရီးတစ်လျှောက် တွေ့မြင်ခဲ့ရသော ဖလူးကြီး၊ ဖလူးကလေး၊ သေ့ဘောဘိုး၊ ဆုံဆည်းမြိုင်၊ ဝေါလေအစရှိသည့် မြို့ရွာကလေးများသည် တစ်ချိန်က သမိုင်းစာမျက်နှာများတွင် အလွန်ထင်ရှားကျော်ကြားခဲ့ကြဖူးသည်။ ထိုကျေးရွာများ၏ ပတ်ဝန်းကျင်တွင် ဝိညာဉ်ပေါင်းများစွာ ရောယှက်၍ ပျံ့လွင့်ကောင်း ပျံ့လွင့်နေပါလိမ့်မည်။ တစ်နည်းပြောရလျှင် မငြိမ်းချမ်းသော အတိတ်ကာလ၌ နှစ်ဦးနှစ်ဖက် အသက်ပေါင်းများစွာ စွန့်လွှတ်ပေးဆပ်ခဲ့ရသော နေရာဒေသများဖြစ်ခဲ့ကြသည်။ ယနေ့ကျွန်တော်တို့ကားကလေးစီး၍ သက်သောင့်သက်သာ သာသာယာယာ သွားနိုင်ဖို့အတွက် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။ အရင်းအနှီးကြီးမားခဲ့သည်။ ၁၉၈၈ ခုနှစ်ရှေ့ပိုင်းကာလများ၌ ကားလမ်းပေါက်ဖို့နေနေသာသာ၊ ကားစီးဖို့ နေနေသာသာ ခြေတစ်လှမ်းလျှင် ကုဋေတစ်သန်းတန်အောင် သတိကြီးမားစွာထား၍ ရွှေ့နေရသော အချိန်ကာလဖြစ်သည်။ ယနေ့အချိန်တွင်မှ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းသွားပြီဖြစ်၍ ကရင်တိုင်းရင်းသား သွေးချင်းများနှင့် KNUတပ်ဖွဲ့ဝင်များ၊ မိမိတို့တပ်မတော်သားများအားလုံး ဘဝအမောတွေပြေခဲ့ကြပြီဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်လျက်ရှိကြသည်။ နောက်တစ်ကြိမ် ဝေါလေမြို့သို့ပြန်ရောက်ခဲ့ပါမှ ဆောင်းပါးတစ်ပုဒ် ထပ်၍ ရေးဖြစ်ပါဦးမည်။ ဆောင်းပါးအမည်က ‘ဝေါလေမြို့သို့ နှစ်ခေါက်လေ’ ဟူ၍....။

> **ပြောင်းစိုက်ပျိုးကြသူများသည် တစ်ဖက်နိုင်ငံ လုပ်ငန်းရှင်များထံမှ ပြောင်းမျိုး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး အစရှိသည်တို့အား ကြိုတင်ရယူခြင်း၊ အလုပ်သမားခ၊ ထွန်ယက်စိုက်ပျိုးခများပေးချေရန် ဘတ်ငွေများချေးယူခြင်း၊ ခြွေလှေ့ချိန်၌လည်း ထိုင်းနိုင်ငံမှ စက်များဖြင့် ပြောင်းတစ်ပုံးလျှင် ဘတ်ငွေသုံးဘတ်နှုန်း ပေးချေဆောင်ရွက်ရခြင်းနှင့် မိမိတို့က ပြန်လည်ရောင်းချချိန်၌ ဈေးနှိမ်ခံပြီး ရောင်းဝယ်ဖောက်ကားရခြင်းတို့ကြောင့် အားမနာတမ်းပြောရလျှင် မိမိတို့နိုင်ငံသားများအနေဖြင့် မိအေးနှစ်ခါမက အကြိမ်ကြိမ် အခါခါ နစ်နာလျက်ရှိကြောင်း တွေ့မြင်ခဲ့ရပေသည် . . .**



သောင်းရင်းမြစ်တစ်လျှောက် ပြောင်းခင်းများအား DKBA (ကလိုထူးဖော) အဖွဲ့မှ ဦးစောမိုရှေးနှင့် အတူလိုက်လံကြည့်ရှုခဲ့

မြင့်စိုး (နတလ)

# လမ်းနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ပါက အမြန်လမ်းမကြီးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားကြပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးကြသည်။

ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရဲအက်ဥပဒေအား ခေတ်နှင့် လျော်ညီသော ဥပဒေဖြစ်အောင် ပြုပြင်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **အများပြည်သူနှင့် ယာဉ်များသွားလာနေသည့် လမ်းများပေါ်ရှိ အန္တရာယ်အကွေ့များတွင် လမ်းနှင့် ယာဉ်များအား ကွယ်နေသည့် အဆောက်အအုံ၊ ဈေးဆိုင်နှင့် အပင်များကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့်** စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ၃၅ မှ ပုဒ်မ ၄၁ အထိ အကျုံးဝင်သည့် မြို့ ရပ်ကွက် ကျေးရွာများကို ပြည်ထဲရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄၂၁ နှင့် ၄၂၂ တို့ဖြင့် ထုတ်ပြန်ကြေညာထားပြီး ရဲအက်ဥပဒေတွင် အာဏာမတည်သော မြို့ ကျေးရွာများ၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင်လည်း ရာဇသတ်ကြီးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေများ၊ ဒေသန္တရဥပဒေများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ တစ်နိုင်ငံလုံးတွင် အာဏာတည်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တင်ပြတောင်းခံထားရှိပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေ(မူကြမ်း)အသစ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အတည်ပြုမပြဋ္ဌာန်းမီကာလအတွင်း ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ တစ်နိုင်ငံလုံး အာဏာတည်စေရေးအတွက် ၁၉၆၃ ခုနှစ် တရားဥပဒေများ အာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေအရနိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သည့် ယာဉ်များကို စစ်ဆေးအရေးယူခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း




ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ ကျင်းပစဉ် (သတင်းစဉ်)

အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ စီမံခန့်ခွဲသည့်လမ်းများတွင် ယာဉ်နှင့်လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့် ကိုက်ညီအောင် စီမံရေးဆွဲပြဋ္ဌာန်းထားသည့် စည်ပင်သာယာရေး ဥပဒေများနှင့်အညီ သက်ဆိုင်ရာ တပ်ဖွဲ့၊ ဦးစီးဌာနများနှင့် ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေး ကော်မတီများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းမကြီးများဥပဒေ ပုဒ်မ (၇) ပုဒ်မခွဲ (က)အရ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ ငွေဒဏ်ချမှတ်ခံရမည် ဖြစ်ကြောင်း။

အန္တရာယ်ရှိသော လမ်းကွေ့နေရာများတွင် ချုံခုတ်ခြင်း၊ သတိပေးခြင်း၊ အသိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းဖြင့် လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိပြီး လမ်းနယ်နိမိတ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီး ဥပဒေနှင့် လမ်းမကြီးများဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ထုတ်ပြန်ခဲ့သည့် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နောက်ပိုင်း ကျူးကျော်များနှင့်သာ သက်ဆိုင်ကြောင်း၊ မြေပြင်အနေအထားများကြောင့် ယာဉ်မတော်တဆမှု၊ ပျက်စီးဆုံးရှုံးမှု၊ သေဆုံးမှုများရှိသည့်အတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့်နေရာများရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ အကြောင်းကြားလျှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက် ပေးသွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအပိုဒ်နှင့် အပိုဒ်ခွဲများကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်က အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# လေသာတောင် (ခေါ်) ကနေဒီတောင်တန်းဒေသအား သဘာဝနယ်မြေများအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ လေသာတောင် (ခေါ်) ကနေဒီတောင်တန်းဒေသအား ကွင်းဆင်းတိုင်းတာရေး ဆောင်ရွက်ပြီး သဘာဝနယ်မြေဖွဲ့စည်းနိုင်မည့် အလားအလာများအပေါ် သုံးသပ်၍ အဆိုပြုသတ်မှတ်ဖွဲ့စည်းမည့် သဘာဝနယ်မြေများ အစီအစဉ်တွင် ထပ်မံထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၃၃ ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၏ **"ချင်းပြည်နယ် တီးတိန်မြို့နယ် လေသာတောင်တန်းကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တီးတိန်မြို့နယ်ရှိ ကနေဒီတောင်(ခေါ်) လေသာတောင်၏ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေးအတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ သဘာဝနယ်မြေ အမျိုးအစားတစ်ခုအဖြစ်သို့ သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် ယင်းဒေသ ပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် သဘောထားဆန္ဒ၊ ပြည်နယ် အစိုးရအဖွဲ့ သဘောထားတို့ကိုရယူပြီး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးအုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **"မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ဆောက်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက လိုအပ်ချက်ရှိသဖြင့် တင်ပြလာမှုအရ သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြလာမှုအရ သော်လည်းကောင်း ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုရန်ပုံငွေရရှိရန် တင်ပြတောင်းခံပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အိမ်ရာ ၅၅ လုံးအတွက် ငွေကျပ် ၁၈၉၀ ဒသမ ၆၀၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခြောက်ခန်းတွဲလေးထပ် ၁၁ လုံးအတွက် ငွေကျပ် ၈၂၆၅ ဒသမ ၄၀၀ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၀၁၅၆ ဒသမ ၀၀ သန်း ရန်ပုံငွေခွင့်ပြုချက် ရရှိခဲ့ပြီး ဖြစ်ကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာဆန်းစစ်ပြီး တွေ့ရှိချက်အပေါ်မူတည်၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူ၍ ဦးစားပေးအဆင့်သတ်မှတ်ကာ ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄)မှ ဦးကျော်ကျော်၏ **"လွှစက်များကြောင့် သဘာဝသစ်တောသယံဇာတများ လုံးဝပြုန်းတီး ပျက်စီးသွားနိုင်သဖြင့် အဆိုပါလွှစက်များအား စနစ်တကျ ထိန်းချုပ်သွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တရားမဝင်သစ်ခုတ်လှဲ ခိုးယူမှုများကို ထိရောက်စွာ ကာကွယ်နိုင်ရန် လက်ကိုင်လွှစက်များ တင်သွင်းခြင်းကို ကြပ်မတ်ထိန်းချုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချရာတွင် တရားဝင် သစ်ထုတ်ကုမ္ပဏီ၊ တရားဝင် သစ်အခြေခံစက်မှုလုပ်ငန်း လုပ်ကိုင်သူ၊ ကိုင်ဆောင်ရန် လိုအပ်သည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအတွက် ဝယ်ယူခွင့်အား သစ်တောဦးစီးဌာနမှစိစစ်၍ အရောင်းဆိုင်များထံ အကြောင်းကြားထိန်းချုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ဦးကျင့်ခန့်ပေါင်
ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ သစ်တောဦးစီးဌာနမှတင်ပြ၍ ဆက်စပ်ဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့သစ်လုပ်ငန်းတို့နှင့် သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ ခရိုင်နှင့် မြို့နယ်အဆင့် လက်ကိုင်လွှစက် စစ်ဆေးကြီးကြပ်ရေး ကော်မတီများဖွဲ့စည်းခြင်း၊ စစ်ဆေးကြီးကြပ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဂျေယောဝူ၏ **"ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်းဖြစ်သော မြန်မာ-တရုတ် နယ်စပ်ကျောက်တိုင် အမှတ် ၃၀-၃၁-၃၅-၄၁ များမှ တရားမဝင် သစ်ခိုးထုတ်နေမှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား သိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ တရားမဝင်သစ် စုစုပေါင်း ၂၆၂၃ ဒသမ ၂၇၂ တန်ကို တရားခံနိုင်ငံသား ၈၆၁ ဦး၊ နိုင်ငံခြားသား ၁၇၆ ဦး၊ ယာဉ်ယန္တရား ၁၅၉၈ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ကချင်ပြည်နယ်အတွင်း တရားမဝင်သစ် စုစုပေါင်း ၁၉၃၉ ဒသမ ၈၆၁၃ တန်ကို တရားခံနိုင်ငံသား ၁၁၇ ဦး၊ ယာဉ်ယန္တရား ၁၀၄ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြို့နယ်များအနေဖြင့် ရာသီဥတုဆိုးရွားမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် နယ်စပ်ဒေသများတွင် တရားမဝင်သစ်ခုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများ မရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိသော်လည်း တရားမဝင်သစ်ခိုးထုတ်မှုများ မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများမှလည်း နယ်မြေလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ တရားမဝင် သစ်ခိုးထုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများ မရှိစေရေးအတွက် ဒေသခံပြည်သူများထံ သတင်းစုံစမ်းခြင်း၊ သတင်းရရှိပါကလည်း တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

တရားမဝင်သစ်များ ဖမ်းဆီးရမိပါက ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်များ ခိုးထုတ်သယ်ဆောင်သည့် ယာဉ်များသည် တရားမဝင်ဝင်ရောက်သယ်ယူ ပို့ဆောင်နေခြင်းဖြစ်သည့်အပြင် အဆိုပါ နယ်စပ်နေရာများတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေး စခန်းများ ဖွင့်လှစ်ထားရှိခြင်း မရှိသည့်အတွက်ကြောင့် နိုင်ငံတော်အနေဖြင့် ယာဉ်ဝင်ထွက်စာရင်းများ ကောက်ခံခြင်း၊ အခွန်ဘဏ္ဍာကောက်ခံခြင်းများ မရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ (မြန်မာ့အလင်း)

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည့်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# တောင်သမန်အင်းသဘာဝအလှ မပျက်ယွင်းစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

**သတင်းဆောင်းပါး-သီသီမင်း၊ ဓာတ်ပုံ -တင်မောင် (မန်းကိုယ်ပွား)**

ယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ မန္တလေးမြို့ရဲ့ အထင်ကရ နှစ်ပေါင်း ၁၆၀ ကျော်ကြာ သက်တမ်းရှိ ဦးပိန်တံတားရှိရာ တောင်သမန်အင်းကြီးရဲ့ (သုံးပန်လှ) နွေမိုးဆောင်း သုံးရာသီအလှကို မမြင်ရတော့တာ ကြာပြီဖြစ်တယ်လို့ အသက် ၆၀ ကျော်အရွယ် ဒေသခံတစ်ဦးဖြစ်သူ တောင်သမန်ရွာသား ဦးမြင့်ဆွေက ပြောပါတယ်။

နွေမိုးဆောင်းသုံးရာသီစလုံး ဒေသခံတွေက တောင်သမန်အင်းကြီးထဲ ရာသီအလိုက် စိုက်ပျိုးကြတဲ့အတွက် လယ်ယာသီးနှံခင်းများနဲ့ ရေပြင်တစ်လှည့်၊ စိမ်းတစ်ခါ၊ စိုတစ်လှည့်ရှိခဲ့တဲ့ မြင်ကွင်းကို သူက ပြောတာပါ။

**လယ်လုပ်သူ မရှိသလောက်နည်းသွား**

အခုအချိန်မှာတော့ တောင်ယာစိုက်ပျိုးသူတွေဟာ ၄င်းတို့ပိုင်တဲ့ လယ်၊ ယာ ကိုင်းကျွန်းမြေတွေကို စီမံကိန်းဆောင်ရွက်မယ့် ကုမ္ပဏီတွေကို ရောင်းချပြီးဖြစ်တာကြောင့် လယ်ယာလုပ်ကိုင်သူတွေမရှိသလောက်နည်းသွားပြီလို့ သူကဆိုပါတယ်။

" ၁၉၉၆ ခုနှစ်လောက်က အင်းကို လေလံပေးပြီး ပိတ်လိုက်တော့ အင်းကလည်း လယ်စိုက်မရ။ ၂၀၁၀ လောက်မှာ အမြန်လမ်းလာဖောက်တယ်။ အဲဒီအမြန်လမ်းနားမှာရှိတဲ့ လယ်တွေက အရင်ဆည်တော်ကြီးက ရေကိုယူရတာ။ လမ်းဖောက်တော့ ရေမရတော့ဘူး။ ဒီတော့ ရွာသူရွာသားတွေကမောက်ကမဖြစ်နေတုန်း တောင်သမန်သစ္စာကုမ္ပဏီက မြေလာဝယ်တော့ လုပ်တိုင်းရှုံး နေတဲ့မြေတွေကို ရောင်းလိုက်တာ တစ်ရွာလုံးနီးပါးပဲ"လို့ တောင်သမန်အင်းပတ်ဝန်းကျင်ရှိ ရွာသစ်ရွာမှ ဒေသခံတစ်ဦးက ပြောပါတယ်။

ရန်ကုန်-မန္တလေးကားလမ်းအစပ်မှ ဦးပိန်တံတား အရှေ့တောင်ဘက်အခြမ်းအထိ ဧက ၉၀ ကျော်ရှိ တောင်သမန်သစ္စာစီမံကိန်းကို ဆောင်ရွက်ရန် ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၄၀ ဒသမ ၂၇ ဧကအတွက် ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ၅၈ ဒသမ ၈၃ ဧကကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံတော်မှလည်း အခြားနည်း ခွင့်ပြုခွင့် ၃၀ (ခ)ဖြင့် ခွင့်ပြုခဲ့ကြောင်း သိရပါတယ်။

**တောင်သမန် သစ္စာစီမံကိန်း**

ဦးပိန်တံတားအရှေ့တောင်ဘက်ခြမ်းတွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် တောင်သမန်သစ္စာစီမံကိန်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မေလ ၂၈ ရက်နေ့တွင် သွားရောက်စစ်ဆေးရာမှာ တားမြစ်ချက်များ လိုက်နာမှုမရှိသည်ကို တွေ့ရှိရတဲ့အတွက် ခေတ္တရပ်ဆိုင်းထားရန်မြို့တော်ဝန်က စက်တင်ဘာလ ၁၀ ရက်နေ့တွင် တားဆီးမိန့်ထုတ်ပြန်ခဲ့တယ်လို့ သိရပါ တယ်။

"အခု တားမြစ်မိန့် ဘာလို့ထုတ်ရတာလဲဆိုတော့ နှုတ်နဲ့ နှစ်ကြိမ်တားတယ်။ နှစ်ကြိမ်စလုံး လုံးဝဂရုမစိုက်ဘူး။ တစ်ခါသွားတိုင်း တစ်ဆင့်တိုးလုပ်တာတွေ့ရတယ်။ အဲ့ဒီတော့ စာထုတ်တယ်။ တိုင်းဒေသကြီးက အခုစိစစ်ရေးအဖွဲ့ဖွဲ့တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ထိခိုက်မှုရှိမရှိ အစီရင်ခံစာအတွက် အဲ့ဒီအစီရင်ခံစာမထွက်လာမချင်း ဘာမှမလုပ်ဖို့တားမြစ်ထားတယ်။ ထွက်လာတဲ့အပေါ်မှာပြုပြင်ရမယ့် အချက်တွေပါရင် ပြုပြင်ပြီးမှ၊ ခွင့်ပြုသင့်မှ ခွင့်ပြုမယ်" လို့ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးရဲလွင်က ပြောပါတယ်။

**ဆန်းစစ်ချက်အစီရင်ခံစာ**

အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် တောင်သမန်သစ္စာစီမံကိန်းနဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိမရှိ ဆန်းစစ်ချက် အစီရင်ခံစာကို စက်တင်ဘာလမကုန်ခင် ထုတ်ပြန်သွားမှာ ဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောပါတယ်။

၁၉၇၀ ခန့်က တောင်သမန်အင်းပတ်ဝန်းကျင်ကို တူးဖော်ရာမှာ အနောက်ဘက်ခြမ်းတွင် သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ကျောက်ခေတ်ဆိုင်ရာ အထောက်အထားများ တွေ့ရှိခဲ့တယ်လို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သိရပါတယ်။

ထို့ပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေအရ ဦးပိန်တံတားနဲ့ ပေ ၁၂၀ အတွင်း မည်သည့် စီမံကိန်းမျှ ဆောင်ရွက်ခွင့်မပြုထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောပါတယ်။



စီမံကိန်းအသစ်တွင် ဆောက်လုပ်ထားသည့် ဟိုတယ်များအား တွေ့ရစဉ်

" တောင်သမန်သစ္စာ စီမံကိန်းအတွက် မြေပြင်ကို ကွင်းဆင်းကြည့်တဲ့အခါ ရှေးဟောင်းအဆောက်အအုံတစ်ခုမှမရှိဘူး။ ရှေးဟောင်းယဉ်ကျေးမှုကို ထိခိုက်မှု မရှိဘူး။ ဒါပေမယ့် ယဉ်ကျေးမှုအမွေအနှစ်အကဲဖြတ်မှတ်တမ်းထဲပါတဲ့အတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေတော့ လိုက်နာရမှာပါ" လို့ မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောပါတယ်။

**ချပြရှင်းလင်းဖို့လို**

တောင်သမန်သစ္စာ စီမံကိန်းနဲ့ပတ်သက်ပြီး ကိုမောင်မောင်ဦးတို့ရဲ့ ဒေသခံ စိမ်းရောင်စို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့ တောင်သမန်စီမံကိန်းက ထွက်လာမယ့် ရေဆိုးစွန့်ပစ်မှုစနစ်၊ အမှိုက်ပြဿနာ၊ ရေပြဿနာ၊ မီးပြဿနာ၊ နောက်ပြီး ဟိုတယ်ကြီးတွေ ဆောက်လုပ်မှုနဲ့အတူ မကောင်းတဲ့ ယဉ်ကျေးမှုတွေ ဝင်ရောက်လာမှာလား စတဲ့အချက်တွေကို ကုမ္ပဏီအနေနဲ့ အချိန်ယူပြီး ပွင့်လင်းမြင်သာစွာ ချပြရှင်းပြဖို့လိုတယ်လို့ သူတို့က ဆိုပါတယ်။

ထို့ပြင် ဦးပိန်တံတားဝန်းကျင်သည် ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်ပြီး တစ်ဖက်မှာလည်း ကျောက်တော်ကြီးဘုရားက နံရံဆေးရေးပန်းချီတွေရှိတဲ့နေရာ၊ တစ်ဖက်မှာက ရတနာပုံတက္ကသိုလ်က ကျောင်းသားတွေ။ ဒေသခံတစ်ယောက်အနေနဲ့ ဒါတွေကိုလည်း ထိခိုက်မှာတွေ မဖြစ်စေချင်ဘူး။ အချိန်ယူပြီး စောင့်ကြည့်သွားမှာဖြစ်ပါတယ်လို့ ကိုမောင်မောင်ဦးက ဆိုပါတယ်။

**ပြန်ဖြိုခိုင်း**

"ဦးပိန်တံတား အရှေ့တောင်ဘက်တွင် ဖော်ဆောင်လျက်ရှိသည့် တောင်သမန်သစ္စာစီမံကိန်းသည် တံတားတိုင်ခြေမှကပ်ကာ လမ်းဖောက်ခဲ့မှုနှင့်ပတ်သက်၍ မြို့တော်ဝန်က"လှည်းလမ်းကြောင်းကို ကျောက်ကြမ်းခင်းချင်တယ်ဆိုလို့ ကျွန်တော်တို့ ခွင့်ပြုခဲ့တယ်။ သွားကြည့်တော့ ဦးပိန်တံတားနဲ့ ဖို့ထားတဲ့မြေတွေက အမြင့်တူနီးပါးလောက်ဖြစ်နေတယ်။ ဒါလက်မခံနိုင်ဘူး။ ပြန်ဖြိုခိုင်းလိုက်တယ်"လို့ ပြောပါတယ်။

တောင်သမန်သစ္စာစီမံကိန်းဆောင်ရွက်နေမှုကို ဦးပိန်တံတားအနီး ပေ ၂၀၀ အတွင်းမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ဖျက်သိမ်းပေးဖို့၊ စီမံကိန်းဧရိယာအတွင်း ထောင်ထားတဲ့ဆိုင်းဘုတ်က ဦးပိန်တံတားနဲ့ ကပ်လွန်းနေတဲ့အတွက် ဖြုတ်ပေးဖို့၊ တောင်သမန် ကန်ပတ်လမ်းနဲ့ မြေဖို့ထားတဲ့ ကြားမှာခင်းထားတဲ့ ကျောက်ချော လမ်းကို ပြန်လည်ဖယ်ရှားပေးဖို့နဲ့ ခွင့်ပြုထားတဲ့ စီမံကိန်းဧရိယာ အပိုင်း(၁)ကလွဲရင် ကျန်တဲ့ မြေဧရိယာတွေမှာ အခိုင်အမာ အဆောက်အအုံတွေ မဆောက်ဖို့စတဲ့ အချက်လေးချက်ထုတ်ပြန်ပြီး တားမြစ်ခဲ့တယ်လို့ မြို့တော်ဝန်က ပြောပါတယ်။

**ညွှန်ကြားချက်နာခံ**

တောင်သမန်သစ္စာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ထွန်းက " ဆိုင်းဘုတ်က ပေ ၁၅၀ အကွာမှာရှိပါတယ်။ ရှေးဟောင်းဧရိယာနဲ့ဆိုဘောင်ဝင်ပေမယ့် မြို့တော်ဝန်ကြီးက ပေ ၂၀၀ အထိ နောက်ဆုတ်ပေးပါဆိုလို့ ဆုတ်ပေးလိုက်ပါတယ်။ လမ်းကတောင်သမန်ကျေးရွာမှ ရွာသားတွေ အကူအညီတောင်းလို့ပါ။ ခွင့်ပြုချက်လည်း သူတို့ဟာ သူတို့တောင်းတာပါ။ စည်ပင်ကလည်း ခွင့်ပြုပေးခဲ့ပါတယ်။ ဩဂုတ်လ ၈ ရက်နေ့မှာ စည်ပင်က ခွင့်ပြုပါတယ်။ စက်တင်ဘာလ ၇ ရက်နေ့မှာ ပြန်ဖျက်ပေးပါဆိုလို့ ညွှန်ကြားချက်အတိုင်း ပြန်ဖျက်ပေးလိုက်ပါတယ်။

*စာမျက်နှာ (၉)သို့*



စီမံကိန်းနေရာမှ ဦးပိန်တံတားအား တွေ့ရစဉ်

*စာမျက်နှာ (၈)မှ*

နောက် အပိုင်း(၁)မှအပ မည်သည့် အဆောက်အအုံမျှ မဆောက်ရဆိုတာ ကျွန်တော်တို့ ဘာမှမဆောက်ထားပါဘူး။ စီမံကိန်းအပိုင်း (၁) မှာ ဟိုတယ် ၆ လုံးကလွဲလို့ ဘာမှမလုပ်ရသေးပါဘူး။ အားလုံးမြေပြင်အနေအထားပဲရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်ကို နာခံပြီး ဆောင်ရွက်သွားမှာပါ”လို့ ပြောပါတယ်။ ဟိုတယ်ဆောက်လုပ်ခွင့်ကိုတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့က ဆောက်လုပ်ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။

**တည်းခိုစရာနေရာမရှိသေး**

မန္တလေးမြို့ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အများဆုံးလာရောက်ရာ တောင်သမန်အင်း ပတ်ဝန်းကျင်မှာ ပြည်ပခရီးသွားဧည့်သည်များ တည်းခိုစရာ နေရာမရှိသေးဘူးလို့လည်း မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ခိုင်းသည့်အတွက် တင်ဖို့လုပ်နေတယ်လို့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

ထို့ပြင် နိုင်ငံတော်အစိုးရရဲ့ ညွှန်ကြားချက်တွေအပေါ်မှာ စည်းမျဉ်းစည်းကမ်းအတိုင်းပဲ ဆောင်ရွက်သွားမှာဖြစ်ပြီး ယခုလက်ရှိဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေကလည်း ယခင်အစိုးရလက်ထက်က ရှေးဟောင်းသုတေသနဌာနရဲ့ ညွှန်ကြားချက်အတိုင်းသာ ဆောက်လုပ်ထားတာဖြစ်တယ်လို့ တောင်သမန်သစ္စာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ တောင်သမန်နှင့် မယ်ဇယ်ပင်၊ ဦးပိန်တံတားနှင့် တောင်သမန်ရဲ့ ညနေနေဝင်ချိန်အလှဆိုတာ ခွဲခြားလို့မရဘူး။ ပြယုဂ်တစ်ခုလို့ဆိုရမှာပါ။

**သဘာဝအတိုင်း**

“သဘာဝအတိုင်းပဲလှနေတာကိုရှိစေချင်တယ်။ မယ်ဇယ်ပင်တန်းနဲ့ သဘာဝကျကျလေး ကြည့်ရတာပိုကောင်းတယ်။ ကျွန်တော်က သဘာဝအလှကို နှမြောတယ်။ ဒါတွေကို ပြန်ဖယ်ခိုင်းလည်း သဘာဝအတိုင်းမဖြစ်တော့ဘူး။ စာကြည့်တိုက်လည်း မလုပ်နဲ့၊ ပြတိုက်လည်းမလုပ်နဲ့။ အဲ့ဒီနေရာမှာ ဘာ့ကြောင့်လဲဆိုတော့ မန္တလေးရဲ့ ဆွဲဆောင်မှုက ဦးပိန်တံတားနဲ့တောင်သမန်အင်းပဲ” လို့ မြို့တော်ဝန်က ပြောပါတယ်။ မြို့တော်ဝန်အနေဖြင့် စီမံကိန်း အပိုင်း (၂)မှာ ပါဝင်မယ့် အမြန်လမ်း ချဉ်းကပ်လမ်းကိုလည်း အန္တရာယ်များလွန်းတဲ့အတွက် လက်မခံနိုင်ဘူးလို့ ပြောပါတယ်။ ပြည်သူအတွက် အကျိုးမရှိဘူးလို့ယူဆရင်၊ ရပ်သင့်တယ်လို့ထင်ရင် ရပ်မှာဖြစ်သလို လုပ်ဖို့လိုအပ်ရင်လည်း ဆက်လုပ်သွားမှာဖြစ်တယ်လို့ သူက ပြောပါတယ်။

ဦးပိန်တံတား အနောက်ဘက်ခြမ်းတွင် အမှတ်တရပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ လက်မှုရိုးရာပစ္စည်းရောင်းချသည့် ဆိုင်များကို တွေ့ရမည်ဖြစ်ပြီး ကမ်းစပ်တစ်လျှောက်ရှိ သက်တမ်းရင့် မယ်ဇယ်ပင်ကြီးများအား ပိုမိုခိုင်ခံ့စေရန် အုတ်ပတ်ကာရံထားသည့်နေရာများတွင် ဘဲမွေးကန်၊ အမှိုက်ပစ်ကန်သဖွယ် ဖြစ်နေသည်ကိုလည်း တွေ့ရပြန်ပါတယ်။

**မယ်ဇယ်ပင် ၆၀ ကျော်**

“ငယ်ငယ်က လမ်းသွားရင်း ရေတွက်သွားတာ ၉၆ ပင်ရှိတယ်။ ခုနောက်ပိုင်း သေတဲ့အပင်၊ လဲတဲ့အပင်တွေနဲ့ဆို ခုဆို ၆၀ ကျော်လောက်ပဲရှိတော့မယ်” လို့ ဘဲကျောင်းနေသူ ရွာသားအဘိုးအိုတစ်ဦးက ပြောပြပါတယ်။

လက်ရှိအချိန်တွင် ဘိုးဘွားပိုင် လယ်မြေများကို ရောင်းချပြီး ဦးပိန်တံတား အရှေ့ဘက်ကမ်းတွင် ဦးပိန်အမှတ်တရအထည်ဆိုင်ဖွင့်ထားတဲ့ ဒေသခံတစ်ဦးဖြစ်သူ တောင်သမန်ရွာသား ဦးမြင့်ဆွေက “ ဦးပိန်တံတားပျက်စီးတာလည်း လက်မခံဘူး။ အပင်ကြီးတွေ ပျက်စီးတာလည်း လက်မခံဘူး။ ကန်ထဲက ငါးတွေပျက်စီးမှာလည်း လက်မခံဘူး။ ဒေသဖွံ့ဖြိုးရေးလုပ်တာကို ကြိုဆိုပါတယ်။ အမြင်မတော်တာ တွေ့ရင်ပြောရမှာပါ။ အခုချိန်ထိတော့ ပြောစရာမရှိသေးဘူး” လို့ ဆိုပါတယ်။

“ဒီစီမံကိန်း တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။ တောင်သမန်အင်းကို ပျက်စီးစေတဲ့ အကြောင်းတရားတွေကတော့ အများကြီးပဲ။ တောင်သမန်အင်းထဲကို ပတ်ဝန်းကျင်နားမှာရှိတဲ့ စက်မှုဇုန်ရေဆိုးတွေက ချောင်းတွေမှတစ်ဆင့် စီးဝင်နေတာ။ အင်းကိုပိတ်ပြီး ငါးမွေးကန်လုပ်ခဲ့တော့ ရေဝင်ရေလဲမရှိဘဲ ရေသေဖြစ်ပြီး ရေမသန့်တော့လို့ အခုဆို ငါးတွေသေတဲ့အထိဖြစ်လာပြီ။ တောင်သမန်အင်းက ဒုက္ခမျိုးစုံရင်ဆိုင်နေရတယ်။ အမြန်စနစ်တကျ ထိန်းသိမ်းဖို့လိုအပ်နေပြီ ”လို့ ဒေသခံတစ်ဦးဖြစ်သူ ကိုမောင်မောင်ဦးက ဆိုပါတယ်။




လေ့လာသူများ ကြည့်ရှုနိုင်ရန် ပြသထားသည့် မြန်မာ့ရိုးရာလက်မှုပညာပစ္စည်းများကို တွေ့ရစဉ်

**သုတေသနစာတမ်းပြုစုရာနေရာ**

မန္တလေးတက္ကသိုလ် သတ္တဗေဒကျောင်းသားတွေရဲ့ သုတေသနစာတမ်းပြုစုရာနေရာဖြစ်တဲ့ တောင်သမန်အင်းကြီးအား သဘာဝပတ်ဝန်းကျင်ပျက်စီးစေတဲ့ အကြောင်းတရားများစွာထဲက တစ်ခုဖြစ်လာနိုင်တဲ့ တောင်သမန်သစ္စာစီမံကိန်းကိုလည်း နိုင်ငံတော်အစိုးရက တိကျစွာကိုင်တွယ်ပေးစေချင်တယ်လို့ တောင်သမန် ရွာသား ဒေသခံတစ်ဦးလည်းဖြစ် စိမ်းရောင်စို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများအဖွဲ့မှ ၄င်းက ဆက်ပြောပါတယ်။

တောင်သမန်သစ္စာစီမံကိန်းနှင့် ပတ်သက်ပြီး လက်ရှိ အစီရင်ခံစာတင်သွင်းရန် ဖွဲ့စည်းထားသည့် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်က “သူတို့အနေနဲ့ အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး လုပ်ဖို့လိုတယ်။ အစိုးရအဖွဲ့က မဖြစ်သင့်တာတွေ့ရင် တားမယ်၊ ကန့်ကွက်မယ်၊ မကန့်ကွက်လို့မရဘူး။ တောင်သမန်အင်းရော ဦးပိန်တံတားရောက အားလုံးနဲ့ ဆိုင်တယ်”လို့ ပြောပါတယ်။

အဆိုပါ သမိုင်းဆိုင်ရာ အရေးကြီးသည့် စီမံကိန်းကို လက်လွတ်စပယ်မလုပ်ဘဲ ပညာရှင်များ၏ အကြံပြုချက်များဖြင့် ဘက်ပေါင်းစုံမှ ပြင်ဆင်ဆောင်ရွက်ရခြင်းမှာ ၄င်းတို့၏ အစိုးရသက်တမ်းအတွင်း “သမိုင်းယဉ်ကျေးမှုနယ်မြေကြီး ပုံမကျပန်းမကျဖြစ်ပြီး ကျန်ခဲ့မှာ မလိုချင်တဲ့အတွက်ဖြစ်တယ်”လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက သူ၏သဘောထားကို ပြောပြခဲ့ပါတယ်။ ။



ဦးပိန်တံတားအောက်ခြေထိ လှည်းလမ်းကြောင်းဖောက်လုပ်ထားစဉ်

**ဦးပိန်တံတားဝန်းကျင်သည် ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်ပြီး တစ်ဖက်မှာလည်း ကျောက်တော်ကြီးဘုရားက နံရံဆေးရေး ပန်းချီတွေရှိတဲ့နေရာ၊ တစ်ဖက်မှာက ရတနာပုံ တက္ကသိုလ်က ကျောင်းသားတွေ။ ဒေသခံတစ်ယောက်အနေနဲ့ ဒါတွေကိုလည်း ထိခိုက်မှာတွေ မဖြစ်စေချင်ဘူး။ အချိန်ယူပြီး စောင့်ကြည့်သွားမှာဖြစ်ပါတယ်လို့ . . .**

## တိုင်းရင်းဆေးတက္ကသိုလ်၊ ကျောင်းသား ကျောင်းသူများက ပြည်သူ့ဘဝလေ့လာရေးနှင့် လက်တွေ့ကွင်းဆင်းဆေးကုသ

**မြစ်သား စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်းကျေးရွာအုပ်စုတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူဆရာ ဆရာမများနှင့်အတူ စက်တင်ဘာ ၁၈ ရက်က ပြည်သူ့ဘဝလေ့လာရေးနှင့် လက်တွေ့ကွင်းဆင်းဆေးကုသခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဆေးပညာဌာနမှ ဦးဝင်းနိုင်(ပါမောက္ခ)နှင့် ဒေါ်ကြည်ကြည်ဦး (သုတေသနမှူး)တို့ ဦးဆောင်သော ဆရာ ဆရာမ ၄၀၊ ကျောင်းသား ကျောင်းသူ ၈၀ တို့သည် လက်တွေ့ဆေးဝါးကုသမှု အတွေ့အကြုံရရှိရန်၊ ပြည်သူ့ဘဝ နီးနီးကပ်ကပ် လေ့လာနိုင်ရန်၊ ကွင်းဆင်းဆေးကုသရန်၊ တိုင်းရင်းဆေးနှင့်ပတ်သက်သည့် သုတေသနစစ်တမ်းများကောက်ယူရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိနိုင်ရန်အတွက် လက်တွေ့ကွင်းဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် သပြေတောင်းကျေးရွာအုပ်စုမြင်းခြံကုန်းနှင့်အေးရွာမှ လူနာများကို အေးရွာကျောင်းသစ်ကျောင်းတွင်လည်းကောင်း၊ သပြေတောင်းရွာနှင့်ကုန်းသာရွာမှ လူနာများကို အောင်သပြေဘုရားဓမ္မာရုံတွင်လည်းကောင်း၊ မီးယပ်၊ အရိုးကျိုး၊ အနာပေါက်၊ အကြောပြင်၊ ကလေးရောဂါများကို တိုင်းရင်းဆေးပညာဖြင့် သမားတော်များကိုယ်တိုင် စမ်းသပ်စစ်ဆေးပြီး လက်တွေ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**






# ပိတ်ဆို့မှုများဖယ်ရှားပေးရန် အမေရိကန်အား အီရန်တောင်းဆို

**တီဟီရန် စက်တင်ဘာ ၁၉**
အီရန်သည် လေကြောင်းလိုင်းကဏ္ဍကို မြှင့်တင်ရန်ကြိုးပမ်းနေသည်ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နိုင်ရေးအတွက် ခရီးသည်လေယာဉ်များကို ဝယ်ယူရာတွင် ကျန်ရှိနေသေးသည့် ပိတ်ဆို့မှုအတားအဆီးများကို ဖယ်ရှားပေးရန် တနင်္ဂနွေနေ့က အမေရိကန်အား တောင်းဆိုခဲ့သည်။

အီရန်သည် ၎င်း၏နျူကလီးယားဆောင်ရွက်မှုများအပေါ် ချုပ်ချယ်ခံရသည့် အပြောင်းအလဲအနေဖြင့် ပိတ်ဆို့မှုများကို လျှော့ကျစေရန် တီဟီရန်နှင့် အင်အားကြီးနိုင်ငံများအကြား အဲယားဘတ်စ်နှင့် ဘိုးရင်းအမျိုးအစား ဂျက်လေယာဉ် ၂၀၀ ကျော်ကို အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးဝယ်ယူရန် ယခုနှစ်အစောပိုင်းတွင် သဘောတူညီခဲ့သည်။

အမေရိကန်ငွေကြေးသုံးစွဲမှုတွင် ကန့်သတ်ချက်များရှိနေပြီး ပိတ်ဆို့မှုများ ပြန်လည်လုပ်ဆောင်လာမည်ကို စိုးရိမ်မှုများရှိနေသည့်အတွက် သဘောတူစာချုပ်ချုပ်ဆိုရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း ဖြစ်သည်။

ကျေးလက်နှင့်လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး အာဘတ်စ်အခေါင်ဒီက အီရန်သည် အခြားသောလေယာဉ်ထုတ်လုပ်ရောင်းချသူများနှင့် ဆက်လက်ညှိနှိုင်းနေကြောင်း လေကြောင်းသွားလာမှုကွန်ဖရင့်၌ ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# တရားမဝင် မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်မှုများ လာအိုနိုင်ငံတစ်ဝန်းလုံး၌ဆောင်ရွက်

**ဗီယန်ကျင်း စက်တင်ဘာ ၁၉**
လာအိုနိုင်ငံရှိ ပြည်နယ်အတော်များများတွင် တရားမဝင်မူးယစ်ဆေးဝါးများ နှိမ်နင်းတိုက်ဖျက်ရေးကို ယခုလတွင် ပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးရောင်းချသူအတော်များများ ဖမ်းဆီးရမိခဲ့ကြောင်း ဗီယန်ကျင်းသတင်းစာတွင် စက်တင်ဘာ ၁၉ ရက်က ဖော်ပြခဲ့သည်။

ပထမဖမ်းဆီးရမိမှုတွင် လာအိုနိုင်ငံ အလယ်ပိုင်း ခန်မူရမ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနမှ ရဲများက မူးယစ်ဆေးနှင့်ပက်သက်ပြီး လူနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး စိတ်ကြွဆေးပြား ၄၀၀၀နီးပါးသိမ်းဆည်းခဲ့ကြောင်း သိရသည်။ စိတ်ကြွရူးသွပ်ဆေးပြားများဖြန့်ဖြူးနေစဉ် ၎င်းတို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယဖမ်းဆီးရမိမှုတွင် လာအိုနိုင်ငံတောင်ပိုင်း ချန်ပက်ဆက်ခ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနမှ ရဲများက ပစ်ကပ်ကားတစ်စီးကို ချန်ပက်ဆက်ခ်သို့ သွားရာလမ်းတွင် ရပ်တန့်စစ်ဆေးခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ အိုက်စ်နှစ်အိတ်၊ သေနတ်တစ်လက်၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

တတိယဖမ်းဆီးရမိမှုသည် ဗီယန်ကျင်းတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအမှုတွင် မူးယစ်ကုန်သည်နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး စိတ်ကြွရူးသွပ်ဆေး ၁၄၄၇ပြားနှင့် အိုက်စ် ၁၈အိတ်တို့ကို လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ရဲများသည် မူးယစ်ဖမ်းဆီးရမိမှုများကို သေချာစစ်ဆေးလျက်ရှိပြီး မူးယစ်ကွင်းဆက်တွင်ပါဝင်သူများကို ကြိုးစားရှာဖွေလျက်ရှိကြောင်းသိရသည်။
**(ဆင်ဟွာ)**

# ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်တို့ကို တူရကီက လေကြောင်းမှတိုက်ခိုက်

**ဒမတ်စကတ် စက်တင်ဘာ ၁၉**
တူရကီလေယာဉ်များသည် ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က စက်တင်ဘာ ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုများကို အိုင်အက်စ်အကြမ်းဖက်သမားတို့၏ နေရာများ၊ လက်နက်တိုက်များနှင့် စစ်ဌာနချုပ်များကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်က ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# ကုလသမဂ္ဂအစည်းအဝေးမတိုင်မီ နိုင်ငံခြားရေးဝန်ကြီးသုံးဦး နယူးယောက်၌တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၁၉**
ကုလသမဂ္ဂဆွေးနွေးပွဲမတိုင်မီ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားသုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် တနင်္ဂနွေနေ့က နယူးယောက်၌တွေ့ဆုံပြီး မြောက်ကိုရီးယား၏ ငါးခုမြောက်အကြီးဆုံး နျူကလီးယားစမ်းသပ်ခဲ့မှုအတွက် အရေးယူဆောင်ရွက်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန်နှင့် သုံးနိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှိဒါနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးယွမ်ဗျောင်စီတို့၏တွေ့ဆုံမှုသည် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုအပြီး ပထမဆုံးသောတွေ့ဆုံမှုဖြစ်သည်။

ပူးတွဲဖော်ပြချက်၌ မြောက်ကိုရီးယားသည် ၎င်း၏နျူကလီးယား အစီအစဉ်ကို တားမြစ်ဆန့်ကျင်သည့် ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို မထီမဲ့မြင်ပြုလုပ်နေခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုဖိအားပေးလာအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်းလက်ထက်တွင် နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများကို အတိုင်းအဆမရှိ လုပ်ဆောင်လျက်ရှိသည်။
**(ရိုက်တာ)**

# ထိုင်းတွင် ရေယာဉ်နစ်မြုပ် လူ ၁၃ ဦးထက်မနည်းသေဆုံး

**ဗန်ကောက် စက်တင်ဘာ ၁၉**
လူ ၁၀၀ ခန့် သယ်ဆောင်လာသော ရေယာဉ်တစ်စင်း ထိုင်းနိုင်ငံအလယ်ပိုင်း မြို့တော် ဗန်ကောက်မြောက်ဘက်ကျောက်ဖရားမြစ်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ၁၃ ဦး ထက်မနည်း သေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့ကာ အနည်းဆုံးခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း စက်တင်ဘာ ၁၉ ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းရေယာဉ်မှာ စက်တင်ဘာ ၁၈ ရက်က အယုဒ္ဓယသို့ ဦးတည်ထွက်ခွာစဉ် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း၊ အယုဒ္ဓယ သည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားရာ ယူနက်စကို အသိအမှတ်ပြု နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ရေယာဉ်ပေါ်ပါ ခရီးသည်များ အားလုံးမှာ ထိုင်းနိုင်ငံသားများဖြစ်ကြောင်း သိရသည်။ မြစ်ကမ်းပါးနားသို့ ရောက်ရှိလာသည့် ခရီးသည်များနှင့် ကယ်ဆယ်ရေးသမားများ ပူးပေါင်းကာ အခြားသူများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို စက်တင်ဘာ ၁၈ ရက် ညနေပိုင်းအထိ ဆက်လက်လုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် မိုးများရွာသွန်းလာခြင်းနှင့် မှောင်စပျိုးလာခြင်းတို့ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နှောင့်နှေးမှုများဖြစ်ပေါ်လာသည်။

ရဲအဖွဲ့က ပျောက်ဆုံးသူစာရင်းထဲတွင် ပါဝင်သူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။
**(အင်န်အိတ်ချ်ကေ)**

# ဆီးရီးယားတပ်ဖွဲ့ဝင်များကို လေကြောင်းမှတိုက်ခိုက်မှုပြုခြင်းက အမေရိကန်-ရုရှားအပစ်ရပ်စဲရေးကို ခြိမ်းခြောက်နေဟု ရုရှားပြော

**ဘေရွတ် စက်တင်ဘာ ၁၉**
အမေရိကန်ဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုများသည် အမေရိကန်နှင့် ရုရှားတို့၏ ဆီးရီးယားအပစ်ရပ်စဲရေး အစီအစဉ် အကောင်အထည်ဖော်မှုကို ခြိမ်းခြောက်နေကြောင်း ပြောကြားကာ ရုရှားကအမေရိကန်နိုင်ငံအား စက်တင်ဘာ ၁၈ ရက်က စကားဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အပစ်ရပ်စဲရေး သဘောတူညီပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အလက်ပိုမြောက်ပိုင်းကို လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ခဲ့သောကြောင့် သံတမန်ရေးဆိုင်ရာတွင် ပဋိပက္ခများ အရှိန်အဟုန်ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိသည်။

သူပုန်များမှာ နောက်ဆုံး ၎င်းတို့ခြေကုပ်ယူရာ ဆီးရီးယားမြို့မှ စက်တင်ဘာ ၁၉ ရက်တွင် ထွက်ခွာသွားလိမ့်မည်ဖြစ်ကြောင်း ဟုမ်းစ်မြို့တော်ဝန်က ပြောကြားခဲ့သည်။

သို့သော်လည်း အမေရိကန် ဂျက်လေယာဉ်များသည် ဆီးရီးယားအရှေ့ဘက်မြို့တော်ဒီယာအယ်လ်ဇာကို လေကြောင်းတိုက်ခိုက်မှုလေးခုပြုလုပ်ခဲ့ရာ ဆီးရီးယားတပ်ဖွဲ့ဝင် ၆၀ ကျော် ကျဆုံးခဲ့သည်။

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး ဘတ်ရှာဂျက်ဖာရီက အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုများသည် အပစ်ရပ်စဲရေးကို မီးလောင်ရာလေပင့်သလိုဖြစ်စေကြောင်း ပြောဆိုစွပ်စွဲလိုက်သည်။ သို့သော်လည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အပစ်ရပ်စဲရေးချိုးဖောက်မှု၏ အဓိကအပြစ်တင်ရမည့်သူမှာ သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရပင်ဖြစ်ကြောင်း နယူးယောက်တွင် ပြောခဲ့သည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ဒီယာအယ်လ်ဇာ စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်များကိုကိုးကား၍ လေကြောင်း တိုက်ခိုက်မှုတွင် ဆီးရီးယားတပ်ဖွဲ့ဝင် ၉၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**



# ငလျင်ဒဏ်သင့်ပုဂံဘုရားများပြုပြင်ရန် ရေစကြိုမြို့နယ်မှ အလှူငွေများလှူဒါန်း



**ရေစကြို စက်တင်ဘာ ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရှေးဟောင်းပုဂံဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် ရန်ပုံငွေရရှိလှူဒါန်းနိုင်ရေး ဓာတ်ပုံအရောင်းပြပွဲကို ရေစကြိုမြို့တွင် စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့က ကျင်းပခဲ့သည်။ ထိုပြပွဲမှ ရရှိလာသည့် အလှူငွေများကို ပထမအကြိမ်မြောက်အဖြစ် ပုဂံမြို့ရှိ ရာဇကုမာရ်ကောင်းမှုတော်မြစေတီဘုရားပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ခုနစ်သိန်းကို Burma Kingdoms Foundation သို့ လည်းကောင်း၊ ပုဂံဘုရားများ ပိုမိုမပျက်စီးစေရန် ဆောင်ရွက်လျက်ရှိသော ဝေဠုကျော်ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ခုနစ်သိန်းအားလည်းကောင်း ရေစကြို မြို့ ဓာတ်ပုံအရောင်းပြပွဲတာဝန်ခံ ဦးကျော်သူသူ ဦးဆောင်သည့်အဖွဲ့မှ စက်တင်ဘာ ၁၈ ရက် နံနက်က ပုဂံသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

"အောက်တိုဘာလကုန်ပိုင်းမှာ ဖောင်ဒေးရှင်းက ပုဂံဘုရားတွေပြုပြင်ဖို့အတွက် ရရှိတဲ့အလှူငွေတွေ အကုန်လုံးကို ရှေးဟောင်းသုတေသနနဲ့ ပြင်ဆင်မယ့်အဖွဲ့ကို ပြန်လည်အပ်နှံသွားမှာဖြစ်ပါတယ်။ မြစေတီဘုရားကြီး ပြန်လည်ပြုပြင်နိုင်ဖို့က ငွေကျပ်သိန်းလေးထောင်လောက် ကုန်ကျမယ်လို့ ပညာရှင်တွေက ခန့်မှန်းထားပါတယ်။ အခုရရှိထားတဲ့ အလှူငွေက သိန်းလေးထောင် မရရှိသေးပါဘူး။ အများကြီး လိုနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ စက်တင်ဘာ ၇ ရက်ကစတင်ပြီးတော့ ကျွန်တော့် ဖေ့စ်ဘုတ်ကရော အသင်း page ကပါ မြစေတီဘုရားအတွက် အလှူခံနေပါတယ်"ဟု Burma Kingdoms Foundation မှ ဦးနေလင်းထွန်းက ပြောသည်။

ရေစကြိုမြို့နယ်မှ ရှေးဟောင်းပုဂံဘုရားများပြန်လည်ပြုပြင်ရန် ရန်ပုံငွေရှာဖွေရေးအဖွဲ့အနေဖြင့် ယခုအကြိမ်သည် ပထမအကြိမ်မြောက်အဖြစ် ပုဂံဘုရားများပြုပြင်ရန်သွားရောက်လှူဒါန်းကြခြင်းဖြစ်ပြီး ဒုတိယအကြိမ်မြောက် သွားရောက်လှူဒါန်းနိုင်ရန် ရေစကြိုမြို့တွင်း လှည့်လည်အလှူခံကာ ဓာတ်ပုံပြပွဲမှ ကျန်ရှိအလှူငွေများနှင့် စုပေါင်းပြီး ယခုလကုန်တွင် သွားရောက်လှူဒါန်းနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုတိယအကြိမ်မြောက် ပုဂံဘုရားများပြုပြင်ရန် သွားရောက်လှူဒါန်းပါက မည်သူမဆိုလိုက်ပါလှူဒါန်းနိုင်ပြီး ဘုရားများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်ကြမည်ဖြစ်သည်ဟု ငလျင်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေရှာဖွေရေးအဖွဲ့တာဝန်ခံ ဦးကျော်သူသူထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# စီးပွားရေးတက္ကသိုလ်က ဘွဲ့ရ ၅၅၀၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ပြီ




**ရန်ကုန် စက်တင်ဘာ ၁၉**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရန်အတွက် လိုအပ်သည့် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်ရည်ရွယ်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေဖြင့် ဘွဲ့ရသူ ၅၅၀၀၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည့်အပြင် မဟာဘွဲ့သင်တန်းများကိုပါ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ပြောသည်။

"ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်က စတင်တည်ထောင်ချိန်မှစပြီး ဒီနေ့အထိ ဘွဲ့ရသူဦးရေ ၅၅၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း (Master of Public Administration) ကို ဖွင့်လှစ်ပို့ချနေပါတယ်"ဟု ဒေါက်တာခင်နိုင်ဦးက ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ကျင်းပသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း အပတ်စဉ် (၁၅) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားတွင် ပြောသည်။

အဆိုပါ မဟာဘွဲ့သင်တန်းသို့ တက်ရောက်လိုသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး အသက် ၃၀ နှစ်နှင့်အထက် ဌာနများအလိုက် Executive Level ရှိ လုပ်သက်အနည်းဆုံး ရှစ်နှစ်ရှိသူဖြစ်ရန် လိုအပ်ကြောင်း၊ သင်တန်းဝင်ခွင့်အတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု စာမေးပွဲဖြေဆိုရကြောင်း၊ အောင်မြင်သူများအနေဖြင့် လူတွေ့ဖြေဆိုရကြောင်း၊ သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူများကိုသာ ရွေးချယ်ပြီး နှစ်စဉ်သင်တန်းသား ၈၀ သာလက်ခံသင်ကြားပေးကြောင်း သိရသည်။

ယင်းသင်တန်းသို့ အစိုးရဌာနဆိုင်ရာမှ အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက UN, NGO,INGO တို့မှ Executive Level များသာ တက်ရောက်ရသော သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ်နှင့် ကျမ်းပြုတစ်နှစ် စုစုပေါင်း သုံးနှစ်တက်ရောက်သင်ယူရမည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ရရှိမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်အောင်မြင်သူများအနေဖြင့် မိမိတို့ဌာန၊ ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းအသီးသီးတို့တွင် စီမံခန့်ခွဲရေးလုပ်ငန်းကို ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သူများဖြစ်လာမည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသာဇော်ဦးစီး သော ရဲတပ်ဖွဲ့ဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့ မန္တလေးတပ်ဖွဲ့စုမှ ဒုတိယရဲမှူးလှမြင့်ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့စဉ် ။**
တင်မောင် (မန်းကိုယ်ပွား)

# ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဖျာပုံ စက်တင်ဘာ ၁၉**

ဝေါလ်ဗီးရှင်းအင်တာနေရှင်နယ်(မြန်မာ)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စီမံချက်ကျေးရွာများတွင် ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြန်လည်ဆန်းစစ်တင်ပြခြင်းအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးက အမှာစကားပြောကြားပြီး ကျောင်းစုကျေးရွာမှ ဦးအောင်ဇံက ရပ်ရွာဖွံ့ဖြိုးရေး ဆောင်ရွက်ထားမှုနှင့် အောင်မြင်မှုများအား လည်းကောင်း၊ သလိပ်ကလေးကျေးရွာမှ လူငယ်အဖွဲ့ခေါင်းဆောင် မတိုးတိုးလွင်က ရပ်ရွာအခြေပြုအဖွဲ့မှ ကလေးငယ်များအတွက် စီမံထားချက်များ၊ ဝေါလ်ဗီးရှင်းအင်တာနေရှင်နယ် (မြန်မာ) မြို့နယ်စီမံကိန်းမန်နေဂျာ စောလဲမျှအဲလ်က ရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က စီမံချက်ဆောင်ရွက်မှုနှင့် ပတ်သက်၍ အကြံပြုချက်များ တင်ပြခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဝေါလ်ဗီးရှင်းအင်တာနေရှင်နယ် (မြန်မာ) သည် ဖျာပုံမြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ တွင် ရပ်ရွာဒေသဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# လူမှုဖူလုံရေးရွေ့လျားဆေးကုသရေးယာဉ် ဝါးခယ်မ ဒေသခံများအား ဆေးကုသ

**ဝါးခယ်မ စက်တင်ဘာ ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ MMU ( Mobile Medical Unit ) လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေးအကျုံးဝင် ဝါးခယ်မမြို့နယ် ဒေသခံများအား ဆေးကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ၌ စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် လူမှုဖူလုံရေးအဖွဲ့နှင့် MMU ( Mobile Medical Unit) လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်မှ ဒေါက်တာအောင်ရဲခိုင် ဦးဆောင်သော ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်းကာ မြို့နယ်အတွင်း လူမှုဖူလုံရေး အကျုံးဝင် အာမခံအလုပ်ဌာနများမှ မှတ်ပုံတင်ထားသော အလုပ်သမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရောဂါများ ရှာဖွေစစ်ဆေးခြင်း၊ ရောဂါဝေဒနာများအား ကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများ ဆေးကုသမှုခံယူခဲ့ကြကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# မိုးသည်းထန်စွာရွာသွန်း၍ ဘိုးယားတမံထူးပေါက်ရေလျှံကျ

**ကျွန်းလှ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက် နံနက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ဘိုးယားတမံထူးပေါက်ပြီး ရေများလျှံကျခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဘိုးယားတမံတွင် ရေအမှတ် ၅၇၉ ပေအထိ ရောက်ရှိလာကြောင်း၊ မနှစ်က ယခုရေအမှတ်မှာ တမံထူးပေါက်ပြီး ရေစိမ့်၍ သဲအိတ်များဖြင့် ပိတ်ခဲ့ရကြောင်း၊ ရေပိုလွှဲက ရေထွက်ကောင်းပြီး တမံအတွင်း ရေဝင်ရောက်နေသော်လည်းစိုမ်းရိမ်စရာမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဘိုးယားတမံသို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုပြီး ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ရေကင်းစောင့်ချထားကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး(ခေတ္တ) ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသံဇရောင်း၊ မြို့မစခန်းမှူး ဒုတိယ ရဲမှူးကျော်လင်းဦးစီးသော ရဲတပ်ဖွဲ့ဝင် ၄၀ တို့ သည် ကော့နိုင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဆုတောင်းပြည့်ဘုရားဝင်း၌ စက်တင်ဘာ ၁၇ ရက်က စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့စဉ်။**
(မြို့နယ်ပြန်/ဆက် )

# မ.ထ.သယာဉ်လိုင်းများအဖြစ်သာ ဆက်လက်ရှိနေဦးမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးကို မ.ထ.သယာဉ်လိုင်းများအဖြစ်မှ အများပိုင်ယာဉ်လိုင်းများသို့ ပြောင်းလဲသွားမည်ဖြစ်သော်လည်း မော်တော်ယာဉ်တင်သွင်းမှု မူဝါဒအရ လက်ရှိပြေးဆွဲနေသောယာဉ်လိုင်းများသည် မ.ထ.သ ယာဉ်လိုင်းများအဖြစ်သာ ဆက်လက်ပြေးဆွဲနေရဦးမည်ဖြစ်ကြောင်း မ.ထ.သ (ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ကျွန်တော်တို့ မ.ထ.သ အဖွဲ့အစည်းဟာ ၁၉၆၂ ခုနှစ်ကတည်းက ရန်ကုန်မြို့ရဲ့ ခရီးသည်ပို့ဆောင်ရေးကို ဝန်ဆောင်မှုပေးနေတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီကနေ့အချိန်မှာတော့ မ.ထ.သကို ပြောင်းလဲရတော့မယ့် အချိန်အဖြစ်ရောက်ရှိလာပါပြီ။ မ.ထ.သ ကော်မတီတွေ၊ ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်လုပ်သားတွေအတွက် အလွန်ပဲအရေးကြီးတဲ့ အချိန်ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ခရီးသည်ပို့ဆောင်ရေးကို အများပိုင်အဖြစ် ပြောင်းလဲရာမှာ အခက်အခဲတွေ အများကြီးရှိနေပါတယ်။ ဒီအတွက် လက်ရှိပြေးဆွဲနေတဲ့ ဘတ်စ်ကားယာဉ်လိုင်းများဟာ မ.ထ.သ ယာဉ်လိုင်းများအဖြစ်သာ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်" ဟု စက်တင်ဘာ ၁၇ ရက်က ပြုလုပ်သည့် အနောက်ပိုင်းခရိုင် မ.ထ.သ လုပ်အားယှဉ်ပြိုင်ဆုပေးပွဲအခမ်းအနားတွင် ပြောသည်။


ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားသော မ.ထ.သယာဉ်လိုင်းမှ ယာဉ်စီးရေ ၇၇၈၆ စီးရှိကြောင်း၊ ယင်းတို့အနက် ၃၁၀၀ မှာ စီးတီးဘတ်စ်များဖြစ်ကြောင်း၊ ယင်းစီးတီးဘတ်စ်များကို အများပိုင်ယာဉ်လိုင်းများအဖြစ် ပြောင်းလဲရာတွင် ၂၀၀၆ ခုနှစ်ထုတ် မော်ဒယ်များနှင့်သာ အသုံးပြုရန် သတ်မှတ်ထားကြောင်း၊ စီးတီးဘတ်စ် ၃၁၀၀ ကို ၂၀၀၆ မော်ဒယ်များဖြင့် အစားထိုးရာတွင် အခက်အခဲများစွာ ရှိနေကြောင်း၊ ယင်းအတွက် မ.ထ.သ ယာဉ်လိုင်းများကို အများပိုင်ယာဉ်လိုင်းများအဖြစ် ပြောင်းလဲမည်ဖြစ်သော်လည်း မ.ထ.သယာဉ်များအဖြစ်သာ အချိန်ကာလတစ်ခုအထိ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။



မ.ထ.သ သည် ၁၉၆၂ ခုနှစ်ကတည်းက ရန်ကုန်မြို့၏ ခရီးသည်ဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိသောအဖွဲ့အစည်းဖြစ်ပြီး ယခုအခါ ခရီးသည် ၂ ဒသမ ၅ သန်းကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကို ဇူလိုင် ၈ ရက်က စတင်ဖွဲ့စည်းလိုက်ပြီးနောက် မ.ထ.သ ယာဉ်လိုင်းများကို တစ်ဦးချင်းပိုင်စနစ်မှ အများပိုင်ကုမ္ပဏီအဖွဲ့အစည်းများအဖြစ် ထူထောင်ကာ ယာဉ်လိုင်းပြေးဆွဲရေးစနစ်ကို ပြောင်းလဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယာဉ်လိုင်းများသည် ကုမ္ပဏီအဖွဲ့အစည်းများ လက်အောက်သို့ ရောက်ရှိလာတော့မည်ဖြစ်၍ ယာဉ်လုပ်သားများအနေဖြင့် လခစားဝန်ထမ်းများအဖြစ် စနစ်တကျ ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သဏ္ဍ**



မြန်မာနိုင်ငံဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ ဟာဂျီ ဦးသန်းမောင်နှင့်အဖွဲ့က အလှူငွေကျပ်သိန်း ၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လှူဒါန်းစဉ်
(မြန်မာ့အလင်း)

# မိဘကျေးဇူးဆပ် စာကြည့်တိုက်ဖွင့်လှစ်

**သန်လျင် စက်တင်ဘာ ၁၉**

သန်လျင်မြို့နယ် အမှတ်(၁)ရေနံချက်စက်ရုံ လူငယ်များအဖွဲ့မှ တည်ထောင်ဆောင်ရွက်ခဲ့သော သန်လျင်မြို့ မြန်မာ့ရေနံရပ်ကွက်ရှိ မိဘကျေးဇူးဆပ်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ ဒုတိယစက်ရုံမှူး ဦးစိန်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စံပယ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးအောင်နိုင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က အမှာစကားပြောကြားသည်။ အဆိုပါ ရပ်ကွက်စာကြည့်တိုက်တွင် အပတ်စဉ်စာပေပြိုင်ပွဲများ၊ လူငယ်အကျိုးပြုဟောပြောပွဲများနှင့် သင်တန်းများ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

# ပျားလုပ်ငန်းဦးစီးဌာနနှင့် ပျားလုပ်ငန်းရှင်များ၊ တောင်သူများ တွေ့ဆုံဆွေးနွေး

**ကနီ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ပျားလုပ်ငန်းဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပျားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ ဆီးပင်စိုက်ပျိုးသောတောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ကနီမြို့နယ်၌ နှစ်စဉ်ဆီးပွင့်ရာသီတွင် ပျားမွေးမြူရေးလုပ်ငန်းရှင်များ လာရောက်၍ ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် ဒေသခံတောင်သူများ၏ လိုလားချက်များ အဆင်ပြေစေရေးအတွက် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ဒေသခံ ဆီးပင်စိုက်တောင်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပျားလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယခုပြုလုပ်သော ပျားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဆီးပင်စိုက်တောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲမှာ ကနီမြို့နယ်အတွင်း ပထမဆုံးအကြိမ်ပြုလုပ်သော ဆွေးနွေးပွဲဖြစ်ပြီး ပျားလုပ်ငန်းရှင်များနှင့် ဒေသခံ ဆီးပင်စိုက် တောင်သူများအားလုံး အကျိုးဖြစ်ထွန်းစေရန်နှင့် မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျရှိပြီး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**



ဆီးပင်စိုက်တောင်သူတစ်ဦး လိုလားချက်များကို တင်ပြဆွေးနွေးနေစဉ်

# ပညာပေးယာဉ်ဖြင့် မူခင်းကျဆင်းရေး လှည့်လည်ပညာပေး

**တနင်္သာရီ စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူများ၏ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်အတွင်း မူခင်းပညာပေးမှုများကို ပညာပေးယာဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်မှစ၍ လှည့်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက်တွင် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့နှင့် ဘန်းလမွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) လမ်းဆုံနေရာများ၌ အခြေပြု၍ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်၊ ရဲအုပ်ကျော်ကျော်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်၊ ဒေါ်လဲ့လဲ့ဝင်းတို့က အသိပညာပေးဟောပြောခဲ့ကြကာ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် လူကုန်ကူးခြင်းခံရသူများ၏ ဖြစ်ရပ်မှန် မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်းကြောင့်ဖြစ်ပွားသော မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**


**ဖခင်အမည်မှန်**
ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်းကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ နော်စိုးစန္ဒာအောင်နှင့် ကျားကိုက်မြောင်ကျေးရွာ အလက(ခွဲ)၊ တတိယတန်းမှ စောစိုးဒိုမူးတို့၏ ဖခင်အမည်မှန်မှာ စောစူးခို ၇/ကတခ(နိုင်)၀၆၁၅၉၇ ဖြစ်ပါကြောင်း။ **စောစူးခို**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
တောင်သာမြို့နယ်၊ ရုံးစည်ကြီး အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းကြည်၏မိခင်အမည်မှန်မှာ ဒေါ်ကြူသန်း ၉/တသန(နိုင်)၁၂၅၃၃၃ နှင့် ဒေါ်ကြူကြူသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ကြူသန်း(ခ)ဒေါ်ကြူကြူသန်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မောင်ကြီး ၁၂/သလန(နိုင်)၀၇၅၄၅၀ ၏ W.K လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၅၈၀၆၉၅**

**ဖခင်အမည်မှန်**
နွားထိုးကြီးမြို့နယ်၊ မျက်ရှ့အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံဦးနှင့် ဆဋ္ဌမတန်း(B)မှ မငြိမ်းအိစံတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ၉/နထက(နိုင်)၁၂၉၄၇၇ဖြစ်ပါကြောင်း။
**ဦးသိန်းဇော်ဦး**

**ဖခင်အမည်မှန်**
ချောက်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ ကျောင်းဝင်အမှတ် ခ-၇၆၅၉ မသင်းသင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြတ် ၅/ဆလက(နိုင်)၀၀၆၂၄၃ ဖြစ်ပါကြောင်း။

**သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်ရှိ ပုံစံ(၈)ဝင် တောင်သရက်ခွဲသား ၉ ဒသမ ၁၆၈၄တန်နှင့် လပွတ္တာမြို့နယ်ရှိ သင်ဘောင်းထင်း ၂ ဒသမ ၈၅၁၂တန်တို့အား ရောင်းချရန် လေလံကြော်ငြာခြင်း**
၁။ ဧရာဝတီတိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ ဘိုကလေးမြို့နယ်မှ ပုံစံ(၈)ဝင် တောင်သရက်ခွဲသား ၉ ဒသမ ၁၆၈၄တန်အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့၌ ၂၆-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင်လည်းကောင်း၊ လပွတ္တာမြို့နယ်မှ ပုံစံ(၈)ဝင် သင်ဘောင်းထင်း ၂ ဒသမ ၈၅၁၂ တန်အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ လပွတ္တာမြို့၌ ၂၈-၉-၂၀၁၆ ရက်တွင်လည်းကောင်း လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါ လေလံတင်ရောင်းချသည့် ပုံစံ(၈)ဝင် တောင်သရက်ခွဲသား ၉ ဒသမ ၁၆၈၄နှင့် သင်ဘောင်းထင်း ၂ ဒသမ ၈၅၁၂ တန်တို့အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။
၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၂၅-၉-၂၀၁၆ရက်အထိ လည်းကောင်း၊ သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၂၇-၉-၂၀၁၆ရက်အထိလည်းကောင်း ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၅-၄၅၅၆၆၊ ၀၉-၄၂၂၄၇၈၇၆၆၊ ၀၉-၉၇၃၉၅၄၁၄၂၊ ၀၉-၇၈၀၀၂၄၇၀၁၊ ၀၉-၇၉၄၅၅၄၁၅၈၊ ၀၉-၄၅၀၅၂၆၉၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

**မိဘအမည်မှန်**
ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သူရဦးနှင့် အင်းပေါင် မူလတန်းလွန်ကျောင်းမှ ဒုတိယတန်းကျောင်းသူ မအိဇင်ကျော်တို့၏ (မိဘ) ဦးကျော်ဆွေ-ဒေါ်သီရိမြင့်တို့၏ အမည်မှန်မှာ ဦးကျော်ရွှေဦး၉/ရမသ(နိုင်)၀၄၁၃၈၀နှင့် ဒေါ်အေးအေးခိုင် ၉/ရမသ(နိုင်)၀၉၇၃၉၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ သစ္စေးကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမီမီသက်အောင်နှင့် ဒုတိယတန်းမှ မောင်လင်းထက်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၅/ရဥန(နိုင်)၀၅၇၈၄၉ ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ကျွန်တော် အောင်ကျော်ဌေး၏ CDC စာအုပ်အမှတ် ၃၄၁၂၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၁၀၃၃၇၃၇**

**ကန့်ကွက်နိုင်ပါကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့၊ အမှတ်(၃)၊ လှည်းဝိုင်း တိုးချဲ့အကွက်အမှတ် ၁၅/က၊ တတိယတန်းတိုးချဲ့ ဦးပိုင်အမှတ် ၃၉၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ ပိုင်းမြေကွက်နှင့် အဆောက်အအုံအား ဦးလှရွှေ ၉/သစန(နိုင်)၀၀၇၆၇၆ အမည်ဖြင့် မြေဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။
**ဦးလှရွှေ ၉/သစန(နိုင်)၀၀၇၆၇၆ အမှတ်(၃)ရပ်ကွက်၊ သာစည်မြို့**

**ဖခင်အမည်မှန်**
ကသာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (D)မှ မမြယွန်းလွှာ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းကြိုင်ဖြစ်ပါကြောင်း။
**ဦးစိုးဝင်းကြိုင်**

**ဖခင်အမည်မှန်**
အထက - တောက်တဲ့ရိုး တက္ကသိုလ်ဝင်တန်းမှ မအေးအေးပြုံး၏ ဖခင်အမည်မှန်မှာ ဦးမြသောင်းဖြစ်ပါကြောင်း။
**ဦးမြသောင်း**

**ပြင်ဆင်ဖတ်ရှုပါရန်**
၄-၉-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ (၃၀) ပါရှေ့နေ ဦးအောင်ဝင်းနိုင်၏ ကြော်ငြာတွင် ၂၄-၁၁-၂၀၁၃အစား ၂၄-၉-၂၀၁၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ ငွေသီရိလမ်း၊ မြေကွက်အမှတ် ၁၀၉ ရှိ မြေဧရိယာ (ပေ ၄၀× ပေ ၆၀)ရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်နှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို နှစ်(၆၀) ဂရန်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူ ဒေါ်သန်းသန်းထွေး ၁၂/လသန(နိုင်)၀၁၉၀၁၇ ထံမှ ကျွန်မ ဒေါ်ကေခိုင်ဌေး ၁၂/အစန(နိုင်)၀၀၂၆၅၂ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်ကေခိုင်ဌေး ၁၂/အစန(နိုင်)၀၀၂၆၅၂**
**၁၂၆၆၊ ကန်သာယာ ၁ လမ်း၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်**

## လက်နက်ကိုင်ပြီး အိမ်အတွင်းလုယက်ရန် ဝင်ရောက်လာသူနှစ်ဦးကို ပြစ်ဒဏ်ချမှတ်

**နမ့်ခမ်း စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ပေါက်တင်မရပ်ကွက်၌ ဖေဖော်ဝါရီလအတွင်းက ငွေလဲလုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဦးစိုင်းမောင်လှ၊ ဒေါ်နန်းတင်ရီတို့၏ နေအိမ်အတွင်း သေနတ်တစ်လက်၊ စတီးဓားရှည်တစ်လက်ကိုင်ဆောင်ပြီး လုယက်ရန်ဝင်ရောက်သူ သုံးဦးအား ရပ်ကွက်နေပြည်သူများ၊ အိမ်နီးနားချင်းများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဖမ်းဆီးရာ ဖမ်းဆီးရမိခဲ့သူနှစ်ဦးကို မြို့နယ်တရားရုံး၌ စစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် စက်တင်ဘာ ၁၆ ရက်က မြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါပြစ်ဒဏ်ကျခံရသူနှစ်ဦးမှာ ကွတ်ခိုင်မြို့နယ် မိုင်းယုအုပ်စု ကုန်စုံရွာနေ လာခိုင်ချို(ခ)အိုက်စိုင်း(၂၀ နှစ်) အား ရာဇသတ်ကြီးပုဒ်မ(၃၀၇)အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်၊ ပုဒ်မ(၃၉၄) အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်၊၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ပုဒ်မ (၈)အရ အလုပ်နှင့်ထောင်ဒဏ်သုံးလ၊ ရှမ်းလက်နက်အမိန့် အပိုဒ်-၁၂ အရ အလုပ်နှင့်ထောင်ဒဏ်ခြောက်လ စုစုပေါင်း ရှစ်နှစ်ကိုးလကျခံစေရန်၊ နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်နေ ရန်ရိုးနိမ့်(ခ) လိုက်နိမ့် (၂၀ နှစ်) အား ရာဇသတ်ကြီးပုဒ်မ(၃၉၄)အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်၊၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ်သုံးလ စုစုပေါင်း ငါးနှစ်သုံးလကျခံစေရန်



မြို့နယ်တရားရုံးက အမိန့်ချလိုက်ပြီး ထွက်ပြေးတရားခံ လောက်ဖျင့်အား တရားခံပြေးအဖြစ် ကြေညာ၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ငွေကျပ် ၇၇၄ သိန်းကျော်တန်ဖိုးရှိ ဘိန်းမည်းများ သိမ်းဆည်းရမိ

**ရွှေဘို စက်တင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု (၈) မုံရွာမှ ရဲအုပ်ဇော်မျိုးထွန်း ဦးဆောင်သောအဖွဲ့သည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်း မြောင်းကြီးကျေးရွာ တန်ပိုဂိတ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၈ ရက်က မန္တလေးမှ ဗန်းမောက်မြို့သို့ ဦးဘိုဘိုဟိန်း မောင်းနှင်လာသည့် အောင်ရတနာ မော်တော်ယာဉ်အသင်းမှ ယာဉ်အမှတ် 9I/ ---- အား စစ်ဆေးရှာဖွေရာ ထိုင်ခုံအမှတ် B-1 တွင် လိုက်ပါလာသည့်ခရီးသည် ကျော်မိုး နန်းဇားကျေးရွာ ဗန်းမောက်မြို့နယ်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသည့် အမည်းရောင်အစေးထုပ် ခြောက်ထုပ် တန်ဖိုးငွေကျပ်သိန်း ၁၈၀ ကို လည်းကောင်း၊ ထိုင်ခုံအမှတ် B-3 တွင် လိုက်ပါလာသော ခရီးသည် ကျော်မြင့်ဦး နန်းဇားကျေးရွာ ဗန်းမောက်မြို့နယ်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသည့် အမည်းရောင်အစေးရှစ်ထုပ် တန်ဖိုးငွေကျပ်သိန်း ၃၆၀ ကို လည်းကောင်း၊ ထိုင်ခုံအမှတ် B-2 တွင် လိုက်ပါလာသည့်ခရီးသည် သန်းအောင် အဲဟွန်းကျေးရွာ ဗန်းမောက်မြို့နယ်၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသည့်အမည်းရောင်အစေးထုပ် ခြောက်ထုပ်၊ တန်ဖိုးငွေကျပ် ၂၃၄ သိန်းကို လည်းကောင်း တွေ့ရှိရသဖြင့် ၎င်းတို့အား အရေးယူထား ကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇော**

## မိကျောင်းတစ်ကောင် ချောင်းဘေးရှိ ဘဲခြံများမှ ဘဲများကို ကိုက်သတ်စားနေ

**ဘိုကလေး စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု မြင်းကအုပ်ကျေးရွာ ငါးပိချောင်းရေကျော်ချောင်းအတွင်း စက်တင်ဘာ ၁၂ ရက်က လူတစ်ဦးနှင့် ဘဲနှစ်ကောင်ကိုက်သတ်မှုဖြစ်ပွားပြီးနောက် စက်တင်ဘာ ၁၇ ရက်က လက်ဝဲကွဲချောင်း၌ နေထိုင်သည့် လယ်လုပ်ဘဲမွေးသူ ဦးချစ်ရွှေ (၅၀ နှစ်) နေအိမ်ရှိ ဘဲခြံမှဘဲများကို မိကျောင်းတစ်ကောင်က ကိုက်သတ်စားခဲ့ကြောင်း သိရသည်။

"လူတွေ နိုးလာပြီး ခြောက်လှန့်မောင်းထုတ်လို့ တလင်းကုန်းဘက် ကျွဲထားရာနေရာကို ရောက်သွားတယ်။ ကျွဲကိုတော့ မကိုက်သွားပါဘူး။ နံနက်လင်းလို့ သွားကြည့်တော့ တလင်းကုန်းဘက်ကပတ်ပြီး ရေထဲကို ပြန်ဆင်းသွားတဲ့ စွတ်ကြောင်းရာကြီးကို တွေ့ရတယ်" ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ဆတ်ကျွန်းကျေးရွာအုပ်စု မြင်းကအုပ်ကျေးရွာမှ ဦးသိန်းဝင်း၏ဇနီး ဒေါ်ရီစန်း ချောင်းထဲ၌ ရေခပ်နေစဉ် မိကျောင်းတစ်ကောင် ကောနေသောရေမြောင်းထဲမှ တက်လာသည်ကို တွေ့ရှိ၍ ကြောက်လန့်တကြားထွက်ပြေးပြီး နာရေးအိမ်သို့ရောက်နေသည့် ဦးသိန်းဝင်းကို အော်ခေါ်ကြောင်း၊ ၎င်းပြန်ရောက်လာစဉ် မိကျောင်းမှာ လူသံကြား၍ ရေထဲသို့ ပြန်ဆင်းသွားကြောင်း သိရသည်။ အလားတူ စက်တင်ဘာ ၁၉ ရက် နံနက် ၂ နာရီက အဆိုပါ မိကျောင်းမှာ မြင်းကအုပ်ကျေးရွာ ဦးရဲဝင်းနေအိမ်မှ ဘဲများကို လာရောက်ဆွဲစားရာ ဘဲနှစ်ကောင်ပါသွားပြီး တစ်ကောင်မှာ ဒဏ်ရာများဖြင့် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

"ကျောင်းသားမိဘတစ်ဦးအနေနဲ့ ကလေးတွေ လှေနဲ့ ကျောင်းသွားတက်ဖို့ အခက်တွေ့စေတဲ့အပြင် ကျွန်တော်တို့လို လူကြီးတွေမှာလည်း မသွားရဲမလာရဲလောက်အောင် ဖြစ်နေတယ်။ ညဘက်ဆိုရင် လှေနဲ့ချောင်းရိုးထဲမအိပ်ရဲတော့လို့ အိမ်ပေါ်တက်ပြီး အိပ်ရတယ်" ဟု ချောင်းရိုးတစ်လျှောက် လှေဖြင့် ကုန်စိမ်းလိုက်ရောင်းသော ဈေးသည်တစ်ဦးက ပြောသည်။

**ဌေးနိုင်(ဘိုကလေး)**



## နေ့ခင်းအချိန် အိမ်ပေါ်တက်လုယက်မှုဖြစ်ပွား

**တွံတေး စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ ဒလ-တွံတေးကားလမ်းနံဘေးရှိ နေအိမ်တစ်အိမ်၌ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက လုယက်မှုဖြစ်ပွားရာ လုယက်သူ နှစ်ဦးအနက် တစ်ဦးအားဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က လေဖြန်းနေသည့် ဒေါ်ရင်မြသည် နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် လူနှစ်ဦးဝင်ရောက်လာပြီး လုယက်ခဲ့သည်။ ထိုသို့ လုယက်နေစဉ် ဒေါ်ရင်မြ၏ ချွေးမဖြစ်သူက အဆိုပါအိမ်သို့ ရောက်ရှိလာရာ လုယက်သူတစ်ဦး (လွန်ခဲ့သည့်နှစ်လခန့်က ဆိုင်ကယ်လာပေါင်၍ သိကျွမ်းနေသူ) နေအိမ်ထဲမှထွက်လာသည်ကို တွေ့ရသဖြင့် အိမ်ရှေ့တံခါးမှာလည်းပိတ်ထား၍ မသင်္ကာဖြစ်ပြီး နောက်ဖေးပေါက်မှ အိမ်ထဲသို့ဝင်ခဲ့သည်။ ဒေါ်ရင်မြအားလုယက်သူတစ်ဦးက လည်ပင်းညှစ်ထားသည်ကို တွေ့ရှိ၍ အော်ဟစ် အကူအညီတောင်းရာ လုယက်သူမှာ အိမ်အပြင်ဘက်သို့ထွက်ပြေးသွားစဉ် ကျူရှင်ကျောင်းမှပြန်လာသည့် ကျောင်းသားတစ်ဦးက ဝင်ရောက်လုံးထွေး ဖမ်းဆီးခဲ့သည်။ ဒေါ်ရင်မြတွင် ကတ်ကြေးဖြင့် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး လက်ကောက်၊ ဆွဲကြိုးနှင့် ငွေသားအချို့ပါသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့်အဖွဲ့ ရောက်ရှိလာပြီး စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ကာ လွတ်မြောက်သွားသူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး၊ တင်ထွန်း**

## အမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ အမှတ်(၃)လမ်းဆုံရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၉/၅နှင့်၉/၆ တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက ယာဉ်နှစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှရန်ကုန်သို့ ယာဉ်မောင်း ဦးဇော်မင်းသိန်းမောင်းနှင်လာသောမော်တော်ယာဉ်သည် စက်ချွတ်ယွင်းနေသဖြင့် ယာဉ်မောင်း တင်ကြည်မောင်းနှင်လာသော လိုက်ထရပ်ယာဉ်က ကြိုးဖြင့်ဆွဲလာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်၌ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ထိုကဲ့သို့ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို အမြန်နှုန်းတိုင်းတာသောကိရိယာများဖြင့်တိုင်းတာ၍ ဖမ်းဆီးလျက်ရှိရာ ယနေ့တွင် ၂၀၁ မိုင် နေပြည်တော် တိုးဂိတ်၌ မော်တော်ယာဉ် ၂၈ စီးနှင့် အမှတ်(၃) လမ်းဆုံ တွင် မော်တော်ယာဉ် ၂၇ စီးကို စုစုပေါင်း ၅၅ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ဆိတ်ကျောင်းသားအချင်းချင်း ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်

**သာစည် စက်တင်ဘာ ၁၉**

မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ စက်တင်ဘာ ၁၈ ရက်က ဌေးမောင်(ခ)ဘဒီအို(၃၁ နှစ်) သိုးကျောင်း အမှတ်(၄)ထိန်ကန်ရပ်ကွက်နေသူနှင့် ကျော်ကျော်နိုင်(ခ)ဗိုလ်သာ(၄၀ နှစ်) တို့သည် အမှတ်(၁)ရပ်ကွက် ဂေါက်ကွင်းရေစက်အနီး သိုးကျောင်းနေစဉ် စကားများရန်ဖြစ်ပြီး အစ်ကိုဖြစ်သူ တင်အောင်(ခ)စံသီး(၆၀ နှစ်) အမှတ်(၄)ထိန်ကန်ရပ်ကွက် နေသူက ဝင်ရောက်ဖျန်ဖြေရာ ကျော်ကျော်နိုင်(ခ)ဗိုလ်သာက တင်အောင်(ခ)စံသီး၏ ဝမ်းဗိုက်အား ဓားဖြင့်ထိုးရာ နေရာ၌ပင် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျော်ကျော်နိုင်(ခ) ဗိုလ်သာအား သာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**


**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ မုဒုံမြို့ အထက (၂) တက္ကသိုလ်ဝင်တန်း (ခ)မှ မအေးမော်၏ ဖခင်အမည်မှန်မှာ မင်းအဂတ် ဖြစ်ပါကြောင်း။

**မင်းအဂတ်**
**၁၀/ကမရ(နိုင်)၁၃၄၀၀၉**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကာဘိုး အင်အားမြှင့် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ထွေး ၅/ကဘလ (နိုင်)၀၉၇၁၂၄ ဖြစ်ပါသည်။

**ဦးချစ်ထွေး(ဖခင်)**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကာဘိုး "အင်အားမြှင့်" ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊တက္ကသိုလ်ဝင်တန်းမှ မသကြီန်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေ ၅/ကဘလ(နိုင်)၁၂၀၈၀၅ဖြစ်ပါသည်။

**ဦးခင်မောင်ဆွေ(ဖခင်)**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကာဘိုး "အင်အားမြှင့်" ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်းရွှေ ၅/ကဘလ(နိုင်)၁၂၀၉၅၇ ဖြစ်ပါသည်။

**ဦးကျော်သိန်းရွှေ(ဖခင်)**

**ဖခင်နှင့်မိခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကာဘိုး "အင်အားမြှင့်" ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မတင့်တင့်နိုင်၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးထီ ၅/ကဘလ(နိုင်)၀၉၇၁၉၇ နှင့် ဒေါ်မြင့်အေး ၅/ကဘလ(နိုင်)၀၉၇၂၉၈ ဖြစ်ပါသည်။

**ဦးထီ(ဖခင်)**
**ဒေါ်မြင့်အေး(မိခင်)**

**အမည်ပြောင်း**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရင်းရဲကျေးရွာမှ ဦးမောင်စိုးအား ဦးမြင့်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မုဒုံမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ကျော်လီအား မောင်ထက်ပိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အဖ-ဦးမြင့်စိုး**
**သား-မောင်ထက်ပိုင်ဦး**

**ဖခင်အမည်မှန်**

အထက(၆) စစ်တွေ တက္ကသိုလ်ဝင်တန်းမှ မနုနုလွင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင် ၁၁/စတန(နိုင်)၀၆၅၈၀၂ ဖြစ်ပါကြောင်း။

**ဦးခင်မောင်**

**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်းကျေးရွာနေ မောင်ဦးအောင်သန်း (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးမောင်ဖြူလှ ၁၁/ပဏတ(နိုင်)၀၄၀၃၄၁ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/6033၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**အမည်ပြောင်း**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟံဂံကျေးရွာမှ ဦးစိုးသောင်းအား ဦးဆာမိဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မုဒုံမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(ဃ)မှ မင်းသိန်းထိုက်အား မောင်မင်းသိန်းထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အဖ-ဦးဆာမိ**
**၁၀/ရမန(နိုင်)၁၂၆၁၆၇**
**သား-မောင်မင်းသိန်းထိုက်**
**၁၀/ရမန(နိုင်)၂၁၀၄၄၇**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇/၃၃၇၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8M/8231၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ပင်လုံလမ်း၊ အိမ်အမှတ်(၁၃၈)၊ မြေကွက်အမှတ် (၁၅) အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ချိုမာလွင် (၁၂/ဗဟန(နိုင်)၀၇၃၄၇၉) အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား လုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**ဝယ်ယူပိုင်ဆိုင်ပြီးကြောင်းအများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)လမ်း၊ ရပ်ကွက်အမှတ် (၁)၊ တိုက်အမှတ် (၂၃)၊ မှန်ခန်း၊ ခြေရင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီ ၁၂/မရက(နိုင်) ၀၀၄၀၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီယု ၅/ယမပ(နိုင်) ၀၂၇၃၉၇က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်း၊ လှူဒါန်း၊ ကျူးကျော်နေထိုင်ခြင်းများ မပြုကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေအောင်ခိုင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၃၉၃၈)
အမှတ်(၂၁)၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၁၇၃၆၃၈၈

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ ငါးမာန်အောင်လမ်း၊ မြေကွက်အမှတ် (၅၂)၊ ၀ဒသမ ၀၅၆ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းမြ ၁၂/သကတ(နိုင်) ၀၃၂၇၅၁ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာအောင် (စဉ်-၁၀၀၆၉) တရားလွှတ်တော်ရှေ့နေ
ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ
အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈

# ငလျင်ဒဏ်သင့် ဘုရားစေတီပုထိုးများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ



**ညောင်ဦး စက်တင်ဘာ ၁၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ကနဦးလုပ်ငန်းများအဖြစ် အချက်အလက်များ စနစ်တကျစိစစ်ပြုစုခြင်း၊ ထိခိုက်ပျက်စီးမှုရှိခဲ့သော ဘုရားပုထိုးများကို အရေးပေါ်အခြေအနေအလိုက် မိုးရွာသွန်းလာပါက မိုးရေဒဏ်ကြောင့် ပျက်စီးမှုလျော့ပါးစေရန် ငြမ်းစင်၍ မိုးကာများအုပ်ဆိုင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများစနစ်တကျပြုလုပ်နိုင်ရန် ကျွမ်းကျင်ပညာရှင်များဖြင့် သင်တန်းများပို့ချကာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားစေတီပုထိုးများတွင် ထီးတော်နှင့် ခရေသီးအပိုင်းပျက်စီးခြင်း၊ ဖောင်းရစ်အပိုင်းအထိပျက်စီးခြင်း၊ အထွတ်စေတီ အပိုင်းအထိပျက်စီးခြင်း၊ ကွမ်းတောင်/ ခေါင်းလောင်းပိုင်းအထိ ပျက်စီးခြင်းနှင့် အခြားပျက်စီးမှုများအပါအဝင် ဘုရားစေတီစုစုပေါင်း ၄၂၅ ဆူခန့် ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။ ယင်းအနက်မှ ထိခိုက်ပျက်စီးမှုကြီးမားပြီး မိုးရွာသွန်းပါက မိုးရေကြောင့် ထပ်မံပျက်စီးမှုဖြစ်ပွားနိုင်သည့် ဘုရားစေတီ ၄၅ ဆူခန့်ရှိရာ ၄၁ ဆူကို မိုးကာမိုးခြင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ပြင်နံရံဆေးရေးပန်းချီများထိခိုက်ခဲ့ရပြီး ထိန်းသိမ်းရန် လိုအပ်သည့် ဘုရားစေတီ ၄၈ ဆူတို့အား မှတ်တမ်းကောက်ယူပြီးစီးခဲ့ပြီဖြစ်ရာ ယခုအခါ စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)တို့မှ တာဝန်ရှိသူများစုပေါင်းကာ ငလျင်ဒဏ်သင့်ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းကာ စနစ်တကျဖြစ်စေရန်စီမံခန့်ခွဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ UNESCO ၊ ICCROM မှ ကျွမ်းကျင်ပညာရှင်များပို့ချခဲ့သည့် ငလျင်ဒဏ်သင့်ဘုရားစေတီပုထိုးများအား စနစ်တကျမှတ်တမ်းကောက်ယူခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ Training of Trainers သင်တန်းဆင်းခဲ့သည့် လူမှုရေးအသင်းအဖွဲ့များမှ Volunteers များက ဘုရားစေတီပုထိုးများ သန့်ရှင်းရေးပြုလုပ်ရန်လာရောက်ကြသည့် ပရဟိတ လူမှုရေးအသင်းအဖွဲ့များကို သင်တန်းမှ ပို့ချသည့်အတိုင်း စနစ်တကျဖြစ်စေရန် ပြုလုပ်နည်းစနစ်များ မျှဝေပေးကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး )**

| | | |
|---|---|---|
| (က) | တောတောင်စွယ် | (ယိုးဒယား) |
| (ခ) | ယမုံနာ | (ပတ်ပျိုး) |
| (ဂ) | စုံသာမြိုင်လယ် | (သီချင်းခံ) |
| (ဃ) | စိန်ခြယ်ခြူးသန်း | (ပတ်ပျိုး) |
| (င) | ရွှေတညာ | (ယိုးဒယား) |
| (စ) | ထောင်ရောင်နေ | (သီချင်းခံ) |
| (ဆ) | သောင်းကျေးဒီပါဝွေ | (မွန်) |
| (ဇ) | ဘုန်းများများမင်း | (ပတ်ပျိုး) |

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ခါနွေဆန်း | (ယိုးဒယား) |
| (ခ) | မဲဇာတောင်ခြေ | (ပတ်ပျိုး) |
| (ဂ) | ဥကင်ဘုံမြင့် | (ဘွဲ့) |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | နန်းသီဟိုဠ် | (ယိုးဒယား) |
| (ခ) | ရွှန်းရွှန်းမြ | (သီချင်းခံ) |
| (ဂ) | ကျွန်းကျွန်းပိုင်သ | (ကြိုး) |

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | သီလာမြေယံ | (ကြိုး) |
| (ခ) | ယသော်ဓရာ | (ယိုးဒယား) |
| (ဂ) | ရန်တကာအောင် | (ဘွဲ့) |

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မြမန်းဂီရိ | (ယိုးဒယား) |
| (ခ) | မင်္ဂလာသီရိ | (ဘွဲ့) |
| (ဂ) | ရှုတိုင်းသာစွ | (ကြိုး) |

## နေပြည်တော်ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းစိုးသိန်းဦးစီးသည့် တပ်ဖွဲ့ဝင် ၇၅ ဦးတို့သည် စက်တင်ဘာ ၁၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း မြက်ပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၉-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသတင်း၌ နဘူးအိုင်-ဆီမီးခုံ ကျောက်ချောလမ်း**(အစား)** နဘူးအိုင်-နှပ်ချိုတော ကျောက်ချောလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စစ်ဝေယံထူး ပိုင်၏ မော်တော်ယာဉ်အမှတ် 8L/6809 ၏ အခွန်စိမ်းစာရွက်မူရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။) **မောင်စစ်ဝေယံထူး**
**ဖုန်း-၀၉-၅၀၇၁၄၄၀၊ ၀၉-၄၉၃၁၄၈၀၄**

**ရောင်းမည်**

တညင်းကုန်းလမ်းဆုံအနီး
အောက်မင်္ဂလာဒုံလမ်းမကြီး
ပေ(၃၀×၁၂၀)
**ဖုန်း-၀၉-၅၁၆၅၄၈၆၊**
**၀၉-၄၂၂၅၅၃၂၂၂**

**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်း၊ အထက တက္ကသိုလ်ဝင်တန်း(G)မှ မခင်အောင်ရွှေ၏ ဖခင်အမည်မှန်မှာ ဦးဝေထွန်းအောင် ၁၁/ပဏတ(နိုင်)၀၃၉၉၇၃ ဖြစ်ပါကြောင်း။ **ဦးဝေထွန်းအောင်**

**အမည်မှန်**

ပုဏ္ဏားကျွန်းမြို့နယ်၊ ၄က်ကြီးကျွန်းကျေးရွာနေ ဦးစံရွှေ၏သား မောင်သိန်းရွှေ၏ အမည်မှန်မှာ သိန်းချေ ၁၁/ပဏတ(နိုင်)၀၄၁၇၉၉ ဖြစ်ပါကြောင်း။ **သိန်းချေ**

**မိဘအမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (A) မှ မနန်းသူဇာမိုး၏ မိဘအမည်မှန်မှာ SU BAIDHAR - ဒေါ်အနုကာလီ ဖြစ်ပါကြောင်း။
**SU BAIDHAR- ဒေါ်အနုကာလီ**

**အမည်ပြောင်း**

ပျဉ်းမနားမြို့၊ အထက(၂)၊ တက္က သိုလ်ဝင်တန်း(F)မှ ဦးမိုးလွင်၏သား မောင်အောင်မျိုးသိန်းအား ယနေ့မှစ၍ မောင်အောင်ကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်အောင်ကျော်ကျော်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**နေပြည်တော်ကောင်စီပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) တည်ဆောက်ရေးလုပ်ငန်းများ**
- ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း
- ဆေးပေးခန်းနှင့်နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း
- အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများတွင် မျက်နှာကြက်များအား ပန်ကာတပ်ဆင်ခြင်း
- အလံတိုင်စိုက်ရန်အုတ်ခုံနှင့် လျှောက်လမ်းများကို ကွန်ကရစ်ခင်းခြင်း
- အိမ်သာမိလ္လာကန်ပြုလုပ်ခြင်း
- မွေးခန်းနှင့်မွေးလူနာစောင့်နားနေခန်းများတွင် ကြွေပြား(နံရံ-အခင်း)ကပ်ခြင်း
- ရေစင်နှင့် မီးစက်အိမ်ပြုလုပ်ခြင်း
- ခြံစည်းရိုးပြုလုပ်ခြင်းနှင့် ဆိုင်းဘုတ်ပြုလုပ်ခြင်း
- မွေးလူနာခန်းတွင် Drain ပြုလုပ်ခြင်း

**(ခ) မြေညှိခြင်း**

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)
(ဂ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပြန်လည်တင်သွင်းရမည့်နေရာ** - နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
(ဃ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၆၇-၅၅၀၂၉၄၊ ၀၆၇-၅၅၀၁၈၄ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။




**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့၊ အထက(၂)၊ နဝမတန်း (D)မှ မောင်ညဏ်ထက်လင်းနှင့် သတ္တမတန်း (င)မှ မသဲစုမြတ်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းသိန်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(င)မှ မသော်တာဖူးငုံ၊ ဆဋ္ဌမတန်း(င)မှ မောင်ကောင်းထက်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင်ထွေး ၇/ဒဥန(နိုင်)၀၀၁၂၁၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (င)မှ မထူးမြတ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်း ၅/မရန(နိုင်)၁၄၇၅၉၈ ဖြစ်ပါကြောင်း။
**ဦးမောင်သန်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(D)မှ မောင်အောင်ထက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်သက် ၅/ကလဝ(နိုင်)၀၀၆၁၄၂ ဖြစ်ပါကြောင်း။ **ဦးခင်သက်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မလှိုင်လှိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင် ၅/ကလထ(နိုင်)၀၀၂၃၇၃ ဖြစ်ပါကြောင်း။
**ဦးတင်မောင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းမာလာ၏ ဖခင်အမည်မှန်မှာ ဦးရှုသာဂီရိ ၅/ကလထ(နိုင်)၀၆၉၉၉၁ ဖြစ်ပါကြောင်း။
**ဦးရှုသာဂီရိ**

**Top Team ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက်**

- Medical Technologist
- Reccptionist
- Phlebotamist
- Marketing
- Data Entry
- Cleaner

အထက်ပါ ဝန်ထမ်းများ လျှောက်ထားနိုင်ရန်အတွက် လိုင်စင်ဓာတ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူများကို Top Team မှ ထုတ်ပေးမည့် Application Form နှင့် အတူတွဲ၍ ၃၀-၉-၂၀၁၆ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ** - Top Team **ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း**
**အမှတ် ၄၈၊ ၇၂×၇၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

# ရှေးခေတ်မှတ်တမ်း ပုရပိုက်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရှေးခေတ်မှတ်တမ်းများကိုရည်ညွှန်းလျက် ပေပုရပိုက်ဟု ပြောဆိုရေးသားလေ့ ရှိကြသော်လည်း ပုရပိုက်နှင့် ပေသည် သီးခြားစီဖြစ်သည်။ ပေသည် ရေးမှတ်ရန်ပြုပြင်ထားသော ပေရွက်ဖြစ်ပြီး ပုရပိုက်သည် ရှေးခေတ်က စာရေးသားရာ၌သုံးသည့် ခေါက်၍ထပ်ထားသော စက္ကူ တစ်မျိုးဖြစ်သည်။ မြန်မာအဘိဓာန်တွင် ပုရပိုက်ဖြူ၊ ပုရပိုက်နက်၊ ယွန်းပေါင်ပုရပိုက်တို့အပြင် ရွှေ၊ ငွေ၊ ကြေးတို့ဖြင့်ပြုလုပ်ထားသော ပုရပိုက်များလည်း ရှိကြောင်း ဖော်ပြထားသည်။

ပုရပိုက်များ၏အပေါ်ဖုံးကို ယွန်းထိုးခြင်း၊ သားရိုးပြောက်တပ်ခြင်း၊ သစ်စေး၊ ဟင်္သပြဒါး သုတ်ခြင်း၊ ရွှေချခြင်း၊ မှန်စီခြင်းတို့ဖြင့် လုပခိုင်ခံ့စေရန် ပြုလုပ်ကြပြီး ယွန်းထိုးထားသည့် ပုရပိုက်ကို ယွန်းပေါင်ပုရပိုက်ဟု ခေါ်သည်။

ရှေးခေတ်က မြန်မာလူမျိုးများသည် ပုရပိုက်နှင့်ပေစာများကို စာရေးရာတွင် အသုံးပြုခဲ့သည်။ ယေဘုယျအားဖြင့် အယူဝါဒနှင့်သက်ဆိုင်သည့် စာများကို ပေစာတွင်ရေးသားလေ့ရှိခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာ စစ်တမ်း၊ မှတ်တမ်း၊ ဆုံးဖြတ်ချက်၊ အမိန့်စသည်တို့ကို ပုရပိုက်တွင် ရေးသားလေ့ရှိသည်။ စာအုပ်များ မပေါ်ပေါက်သေးမီအချိန်က မြန်မာလူမျိုးများသည် ကျောက်၊ အိုး၊ ရွှေပြား၊ ငွေပြား၊ ပေရွက်နှင့် ထန်းဖူးများအပြင် ပုရပိုက်များပေါ်တွင်ပါ စာများရေးသားခဲ့ကြသည်။ ထို့ကြောင့် အင်းဝခေတ်စာဆိုရှင် အဂ္ဂသမာဓိ(အေဒီ ၁၄၇၉-၁၅၅၂)က နေမိဘုံခန်းပျို့တွင် "ကြေးပုရပိုက်၊ သိုက်သိုက်ချုပ်ချုပ်၊ အုပ်အုပ်ဖုံးဖုံး၊ စာလုံးကြွေ့ကြွေ့မှင်သေ့လှလှ၊ ပီသအက္ခရာ၊ မင်းစဉ်စာသို့"ဟု ရေးဖွဲ့ခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ပုရပိုက်ဟူသည့် ဝေါဟာရသည် သက္ကတဘာသာစကား ပရိဋ္ဋမှ ပရိဇဟု ပြောင်းလဲခဲ့ပြီးလျှင် ပုရပိုက်ဟု နောက်ဆုံးခေါ်တွင်ဟန်ရှိကြောင်း ရေးသားထားသည်။ အချို့ကလည်း ပုရပိုက်သည် ပါဠိဝေါဟာရ ပုရနှင့်ပတ္တကို ပေါင်းစည်းခေါ်ဆိုထားခြင်းဖြစ်ပြီး ပေပေါ်မတင်မီ ရှေးဦးစွာရေးသောစာဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကျောက်စာဝန်ဟောင်း မစ္စတာတော်စိန်ခိုက ပုရပိုက်ကို အိန္ဒိယနိုင်ငံတွင် သုံးလေ့သုံးထမရှိဘဲ တရုတ်နိုင်ငံ၌သာ မိုင်းကိုင်စက္ကူဖြင့်ပြုလုပ်ထားသော ပုရပိုက်ဖြူများပေါ်တွင် စာရေးသားလေ့ရှိကြောင်း၊ တရုတ်လူမျိုးများသည် ရှေးအခါက စာများကို ပိုးဖျင်များ၊ ချည်ဖျင်များပေါ်တွင် ရေးသားလေ့ရှိခဲ့ပြီး ထိုဖျင်များကို တရုတ်ဘာသာဖြင့် ပုပိုက်ဟုခေါ်ဆိုကြောင်း၊ စာအုပ်ကို ရှမ်းဘာသာဖြင့် လိဂ်ဟုခေါ်ဆိုပြီး ပုရပိုက်ဟူသောဝေါဟာရသည် တရုတ်စကားလုံး ပုပိုက်နှင့် ရှမ်းစကားလုံး လိဂ်တို့ကို ပေါင်းစပ်လျက် ပုပိုက်လိဂ်၊ ပုလိဂ်ပိုက်၊ ပုလပိုက်မှ ပုရပိုက်ဖြစ်လာကြောင်း ရေးသားခဲ့သည်။ ပုရပိုက်ဟူသည့်ဝေါဟာရ ဖြစ်ပေါ်လာမှုသည် ပညာရှင်များအကြား အယူအဆအမျိုးမျိုး ကွဲပြားနေပေသည်။


ပုရပိုက်သည် ယေဘုယျအားဖြင့် ၁၈ လက်မအကျယ်ရှိသည့် စက္ကူအရှည်ကို လေးလက်မခွဲအရွယ် ဘယ်တစ်ပြန်၊ ညာတစ်ပြန် ဘာဂျာပုံခေါက်ထားသည့် စာအုပ်ပုံစံ စာရွက်ခေါက်ဖြစ်ပြီး ခေါက်ထားပြီးသည့် ပုရပိုက်တစ်ခုသည် အရှည် ၁၈ လက်မ၊ အနံ ၈ လက်မ ဝန်းကျင်ရှိပြီး ၃၂ လွှာရှိသည်။ အငယ်ဆုံးပုရပိုက်သည် အလျား ၃ လက်မ၊ အနံ ၁ လက်မရှိကာ အထူ ၂၄ လွှာရှိသဖြင့် စာမျက်နှာ ၄၈ မျက်နှာရှိသည်။ လွှတ်တော်သုံး၊ ရုံးသုံး ပုရပိုက်များသည် အများသုံးပုရပိုက်များထက် အရွယ်အစားပိုကြီးသည်။ ပုရပိုက်ကို စာအုပ်ကဲ့သို့ တစ်လွှာချင်းဖတ်နိုင်သကဲ့သို့ ဘာဂျာသဏ္ဍာန်ဆွဲဆန့်၍လည်း ဖတ်နိုင်သည်။

ရွှေ၊ ငွေ၊ ကြေးနီတို့ဖြင့် ပြုလုပ်ထားသည့် ပုရပိုက်များကို ဘုရားဌာပနာရာတွင် ထည့်သွင်းရန် အသုံးပြုပြီး စက္ကူပုရပိုက်များသည် အများသုံးဖြစ်ပေသည်။ ပုရပိုက်ဖြူနှင့် ပုရပိုက်ဟု နှစ်မျိုးရှိသည့်အနက် ပုရပိုက်ဖြူသည် ဝါကြန့်ကြန့်အရောင်ရှိပြီး ပုရပိုက်ဖြူပေါ်တွင် စာများကို မင်ဖြင့်ရေးသားလေ့ရှိကာ ရောင်စုံရုပ်ပုံများကိုလည်း ရေးဆွဲနိုင်သည်။ ပုရပိုက်အနက်ပေါ်တွင် ကံ့ကူဆံဖြင့်ရေးသားပြီး ရေးထားသောစာများကို သင်ပုန်းတွင်ရေးထားသည့်စာများကဲ့သို့ အလွယ်တကူပြန်ဖျက်နိုင်သည်။ ပုရပိုက်အနက်သည် တန်ဖိုးနည်းသဖြင့် အသုံးများပြီး ပုရပိုက်ဖြူပေါ်တွင် အချောမရေးသားမီ အကြမ်းရေးသားလေ့ရှိသည်။

ပုရပိုက်ဖြူပေါ်တွင် ရေးသားထားသည့်စာများကို ပြန်ဖျက်လေ့မရှိသော်လည်း ပုရပိုက်နက်ပေါ်မှစာသားများကို ပြန်ဖျက်လေ့ရှိသဖြင့် ပုရပိုက်နက်ကို အကြမ်းအချောနှစ်မျိုးသုံးဟု ခေါ်နိုင်သည်။ စာရေးထားပြီးသည့် ပုရပိုက်ကို မီးသွေးမှုန့်နှင့်ရောနယ်ထားသော ထမင်းရည်ဖြင့် သုတ်လိုက်လျှင် ပုရပိုက်အနက်သည် အသစ်ပြန်ဖြစ်သွားသည်။ အချို့ပုရပိုက်အနက်၏ စာပိုဒ်များ အောက်တွင် ခြေဟုရေးထားသည်ကို တွေ့ရတတ်သည်။ ခြေ၏အဓိပ္ပာယ်သည် ဤရေစီး(အလွှာ)တွင် ရေးထားသည့်စာများသည် မလိုအပ်တော့သဖြင့် ဖျက်၍အသစ်လုပ်နိုင်ကြောင်း ညွှန်းဆိုခြင်းဖြစ်သည်။

ပုရပိုက်ဖြူသည် တစ်မျိုးတည်းသာရှိပြီး ပုရပိုက်နက်တွင် ရှမ်းပုရပိုက်၊ သရက်ချဉ်ပုရပိုက်၊ ဝါးပုရပိုက်နှင့် ဝါးလျှာထိုးပုရပိုက်ဟူ၍ အမျိုးအစား လေးခုရှိရာ ရှမ်းစက္ကူဖြင့်ပြုလုပ်ထားသည့် ရှမ်းပုရပိုက်များသည် အရည်အသွေးကောင်း၍ တာရှည်ခံသည်။ သရက်ချဉ်ဟုခေါ်သည့် သစ်သားဖြင့် ပြုလုပ်သည့် သရက်ချဉ်ပုရပိုက်များသည် ရှမ်းပုရပိုက်များကဲ့သို့ ကြာရှည်မခံပါချေ။ သို့သော်လည်း မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်က ရေးသားခဲ့သည့် သရက်ချဉ်ပုရပိုက်များသည် နှစ်ပေါင်း ၁၄၀ ကျော်သည့်တိုင် ခိုင်ခံ့စွာရှိနေသေးကြောင်း မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ရေးသားထားသည်။ ရှမ်းပုရပိုက်နှင့် သရက်ချဉ်ပုရပိုက်များကို ရေရှည်သုံးစွဲနိုင်ရန် လုပခိုင်ခံ့စွာ ပြုလုပ်လေ့ရှိပြီး ယေဘုယျအားဖြင့် ပုရပိုက်နက်များသည် နှစ် ၁၅၀ ခံ၍ ပုရပိုက်ဖြူများသည် နှစ် ၄၀၀ အထိခံကြောင်း သိရှိရပေသည်။

ဝါးကိုပြုလုပ်သည့် ပုရပိုက်နှစ်မျိုးတွင် ဝါးပုရပိုက်ရိုးရိုးသည် ကြမ်းတမ်းသဖြင့် စာကြမ်းရေးရာတွင်သာ သုံးသည်။ ဝါးလျှာထိုးပုရပိုက်သည် စာရေးသားမည့်မျက်နှာပြင်ကို ချောမွေ့စေရန် ပွတ်တိုက်ထားပြီး မျက်နှာဖုံးအလွှာနှစ်ထပ်ကို အလယ်မှအကြောင်းငယ်ခံ၍ သေသပ်စွာပြုလုပ်ထားလေ့ရှိသဖြင့် ရိုးရိုးဝါးပုရပိုက်ထက် ပိုမိုခိုင်ခံ့သည်။



ပုရပိုက်များတွင် ပါရှိသည့်အလွှာအရေအတွက်ကို မူတည်လျက် အခေါ်အဝေါ်များ ပြောင်းလဲသွားသည်။ အလွှာတစ်လွှာတည်းသာရှိသောပုရပိုက်ကို လွှာချင်းသို့မဟုတ် တစ်ရေစီးဟုခေါ်ဆိုပြီး ဘုရင့်အမိန့်တော်များရေးမှတ်ရာတွင် အသုံးပြုသည်။ လွှာချင်းနှစ်ခုပါရှိသောပုရပိုက်ကို နှစ်လွှာချင်းဟုခေါ်ဆို၍ အစီရင်ခံချက်များ ရေးသားရာတွင် သုံးသည်။ သုံးလွှာမှ ငါးလွှာအထိပါရှိသော လွှာထပ်ကလေးပုရပိုက်ပေါ်တွင် အဆိုလွှာနှင့်အချေလွှာများ ရေးလေ့ရှိသည်။

လွှာထပ်ကြီးပုရပိုက်တွင် အလွှာခြောက်လွှာမှ ၁၁ လွှာအထိပါရှိကာ ဆူဝက်ပုရပိုက်တွင် ၁၂ လွှာမှ ၁၆လွှာအထိ ပါရှိသည်။ ပေကိုတစ်ထုပ်၊ စာကိုတစ်အုပ်ဟု ဆိုကြသကဲ့သို့ ပုရပိုက်ကို တစ်ဆူဟုခေါ်ဆိုပြီး ပုရပိုက်တစ်ဆူတွင် ၃၂ လွှာပါရှိသည်။ တစ်လွှာတွင် နှစ်မျက်နှာ၊ တစ်မျက်နှာတွင် ကြောင်းရေ ၁၂ ကြောင်း ရေးသားလေ့ရှိသည်။

ပုရပိုက်အဖြူပေါ်တွင် အဖြူရောင်မှလွဲ၍ ကျန်ဆေးရောင်များဖြင့် စာများရေးသားခြင်း၊ ပုံများရေးဆွဲခြင်းကို ပြုလုပ်ကြသည်။ ပုရပိုက်ဖြူကို ချောမွတ်စေရန် စာမရေးသားမီ ခုံညင်းဖြင့်တိုက်ပြီးမှ အနက်၊ အနီ၊ အပြာ၊ အစိမ်းရောင် အစရှိသောဆေးများ၊ ရွှေမင်၊ ငွေမင်များဖြင့် ရေးသားကြသည်။

ပုရပိုက်ဖြူပေါ်တွင် အဖြူရောင်မှလွဲ၍ လည်းကောင်း၊ ပုရပိုက်နက်ပေါ်တွင် အနက်ရောင်မှလွဲ၍လည်းကောင်း အခြားအရောင်များဖြင့် ရေးသားနိုင်သည်။ အဖြူရောင်ကို ကံ့ကူဆံ၊ မြေဖြူမှုန်တို့ဖြင့်ရေးပြီး အနက်ရောင်ကို မန်ကျည်းသားမီးသွေးဖြင့် ရေးရသည့်အပြင် ရေနံမင်၊ ဆီမင်တို့ဖြင့်လည်း ရေးသားကြသည်။ အဝါရောင်ကို ဆေးဒန်းမှလည်းကောင်း၊ အပြာရောင်ကို မဲနယ်မှလည်းကောင်း၊ အနီရောင်ကို ဟင်္သပြဒါးမှ လည်းကောင်း ရရှိပြီး အစိမ်းရောင်ကို ဆေးဒန်းနှင့်မဲနယ်ရောစပ်ခြင်းဖြင့် ရရှိသည်။ ရွှေမင်၊ ငွေမင်တို့ကို ထီးသုံးနန်းသုံးနှင့် မင်းဆရာသုံး ပုရပိုက်များတွင်သာ ရေးလေ့ရှိသည်။

အရောင်တောက်၍ ကြာရှည်ခံရန် ပုရပိုက်ပေါ်တွင်ရေးသားသည့်မင်အနက်တွင် ငါးကြင်းသည်းခြေကို ထည့်လေ့ရှိပြီး ရောင်စုံဆေးများတွင် တမာစေးထည့်သည်။ ပုရပိုက်အနက်ပေါ်တွင် အဖြူရောင်ရေးလျှင် ကံ့ကူဆံဖြင့်ရေးသကဲ့သို့ မြေဖြူကိုအမှုန့်ပြုလုပ်၍ တမာစေးနှင့်ရောကာ ရေးလေ့လည်းရှိသည်။

ပုရပိုက်ပေါ်တွင်စာရေးရန် စုတ်တံနှင့်ခေါင်တံကို အသုံးပြုသည်။ စုတ်တံသည် နွား၏ နားတွင်းမွေးများကို ပိုးကြိုးဖြင့်စုစည်းပြီးချည်ထားသော လက်ကိုင်တံဖြစ်၍ ခေါင်တံသည် ကလောင်သွားကဲ့သို့ဖြစ်နေစေရန် ချွန်ထားသော အခေါင်းပါသည့် ကျူရိုးတံအမာဖြစ်သည်။ ကံ့ကူဆံသည် အပျော့ပျောင်းဆုံး တွင်းထွက်ပစ္စည်းတစ်ခုဖြစ်သည့် ရေပါသော မဂ္ဂနီဆီယမ်ဆီလီကိတ် အတုံး၊ အခဲ၊ အချောင်းလေးများဖြစ်ကာ ယင်းတို့ကို ထိပ်ချွန်ပြီး ရွှေ၊ငွေ၊ကြေးစသည်ဖြင့်ပြုလုပ်ထားသည့် စွပ်တံတွင်စွပ်ပြီး စာရေးသားရပေသည်။

မြန်မာနိုင်ငံတွင် ပုရပိုက်များကို မည်သည့်အချိန်က စတင်သုံးစွဲခဲ့သည်ဟု အတိအကျ မသိရှိသေးသော်လည်း မြန်မာတို့ ပုရပိုက်သုံးစွဲခဲ့ကြောင်း အစောဆုံးတွေ့ရှိရသည့်အထောက်အထားမှာ ပုဂံ တောင်ဘီလူး၊ ရွှေကွန်ချာတံတိုင်းအတွင်းရှိ လေးမျက်နှာကျောက်စာဖြစ်သည်။ ယင်းကျောက်စာ၏ တောင်ဘက်မျက်နှာ စာကြောင်းရေ ၂၉ နှင့် ၃၀ တွင် 'သင်ပုန်း ၂၊ ပုရပိုက် ၁၊ ကံ့ကူဆန် ၅'ဟု တွေ့ရှိရသည်။

အင်္ဂလိပ်တို့က သီပေါဘုရင်ကို ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် နန်းချခဲ့ပြီးနောက်ပိုင်းတွင် မင်းခမ်းတော်များအပါအဝင် မြန်မာ့နန်းတွင်းအဖိုးတန်ပစ္စည်းများသည် များစွာ ပျက်စီး၊ ပျောက်ပျက်ဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းယူပြီးချိန်တွင် ရတနာပုံနန်းတွင်းမှပစ္စည်းများကို ထိန်းသိမ်းရန်တာဝန်ယူခဲ့သည့် ရစ်ချပ်တင်ပဲလ်(Richard Temple)သည် မြန်မာတို့၏ ထီးသုံးနန်းသုံးအရိုးအစဉ်၊ နေထိုင်ပြောဆိုသုံးစွဲပုံ ဓလေ့များကို အလွန်စိတ်ဝင် စားခဲ့သည်။ ထို့ကြောင့် မင်းကြီးဦးကောင်းနှင့် မင်းကြီး၏လက်စွဲဝန်ထောက် ဦးလတ်တို့ကို မေးမြန်းကာ ပန်းချီပုံများပါဝင်သည့် မှတ်တမ်းတစ်ခုကို ရေးသားစေခဲ့သဖြင့် ရွှေနန်းလက်သုံးပုံအမည်ရှိ ပုရပိုက်ဖြူတစ်ဆူ ပေါ်ထွက်ခဲ့ပေသည်။

ရှေးခေတ်က မြန်မာများသည် ပုရပိုက်များကို တွင်ကျယ်စွာအသုံးပြုခဲ့ကြပြီး ပုရပိုက်များတွင် အိမ်သုံးစာရင်းများမှစ၍ ဘုရားတရားစာများအထိ မှတ်သားလေ့ရှိခဲ့သည်။ ပုရပိုက်ကို မှတ်စုများသဖွယ် သုံးခဲ့ကြသဖြင့် ဇာတ်ချင်းများ၊ ဆေးမြီးတိုများ၊ ဥယျာဉ်ခြံမြေစာရင်းများ စသည်ဖြင့် အကြောင်းအရာမျိုးစုံကို မှတ်သားခဲ့ကြသည်။

ပုရပိုက်မှတ်တမ်းများသည် တစ်နိုင်လုံး အတိုင်းအတာဖြင့် အလွန်များပြားစွာရှိခဲ့သည်။ နန်းတော်အတွင်းရှိ ပေပုရပိုက်များကို က၊ ကာ၊ ကိ၊ ကီ စသည်ဖြင့် မြန်မာအက္ခရာဝလိစဉ်အတိုင်း အမှတ်စဉ်မှတ်သားထားသည့် သေတ္တာကြီးများတွင် ထည့်သွင်းသိမ်းဆည်းခဲ့သည်။ ဗြိတိသျှတို့က မြန်မာပြည်ကို သိမ်းပိုက်လိုက်ချိန်တွင် အရေးကြီးသည့် ပေပုရပိုက်များကို ဗြိတိန်နိုင်ငံသို့ ယူဆောင်သွားခဲ့ကြသည်။ နန်းတွင်းပေပုရပိုက်များကို မှတ်တမ်းပြုနိုင်ရန် Society for the Propagation of the Gopel(SPG) သာသနာပြုပုဂ္ဂိုလ် James A. Colbeck အား တာဝန်ပေးခဲ့သည်။ မန္တလေး နန်းတွင်းလွှတ်တော် ပိဋကတ်တိုက်၊ နန်းတွင်းပိဋကတ်တိုက်၊ ဘုရင့်ပိဋကတ်တိုက်နှင့် ရတနာပုံမြို့တည် ခုနစ်ဌာနတွင် တစ်ခုအပါအဝင်ဖြစ်သည့် တောင်ခြေပိဋကတ်တိုက်တို့တွင် ပေပုရပိုက်များစွာ ရှိခဲ့သည်။ မန္တလေးနန်းတွင်း ပိဋကတ်တိုက်ထဲမှ ပေပုရပိုက်များကို ရန်ကုန်အတွင်းဝန်များရုံးသို့ လှည်းအစီး ၄၀ ကျော်ဖြင့် သယ်ယူခဲ့ပြီး ယင်းပေပုရပိုက်များကို ပုဂံဝန်ထောက်ဦးတင်က စာရင်းပြုစုခဲ့ရာ အဆူပေါင်း ၂၁၈၆၀ ရှိကြောင်း တွေ့ရှိခဲ့ရသည်။

ယခုအခါ၌ ပုရပိုက်များကို သုံးစွဲမှုမရှိတော့သော်လည်း ပုရပိုက်များသည် အတိတ်ကာလများက မြန်မာနိုင်ငံတွင် သာမန်ပြည်သူများမှ နန်းတွင်းအထိသုံးစွဲခဲ့ကြသည့် မှတ်တမ်းများဖြစ်ကြပေရာ အလွန်အဖိုးထိုက်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြသည်။ ပုရပိုက်များသည် မြန်မာလူမျိုးများ၏ မှတ်တမ်းများဖြစ်ကြပြီး ကျေးလက်များရှိ အချို့သောဘုန်းတော်ကြီးကျောင်းများတွင် ယနေ့တိုင် ထိန်းသိမ်းထားသည်ကို တွေ့ရှိရသကဲ့သို့ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်များစာကြည့်တိုက်တို့တွင်လည်း ကောင်းမွန်စွာ ထိန်းသိမ်းထားပေသည်။ အချို့သော ရှေးဟောင်းမြန်မာစာပေများကို ပေပုရပိုက်များမှကူးယူ၍ စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

တိုင်းပြည်တစ်ခု၏ ကဏ္ဍစုံမှတ်တမ်းများကို ပြုစုထားသည့် ပေပုရပိုက်များသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးရခြင်းများလည်း ရှိခဲ့ပေရာ မြန်မာ့ရိုးရာအမွေအနှစ် ရှေးဟောင်းပုရပိုက်များကို မြတ်နိုးတန်ဖိုးထားလျက် ရှာဖွေထိန်းသိမ်းလေ့လာမှုများကို ဆက်လက် ဆောင်ရွက်ကြရမည်သာဖြစ်ပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)**

**ရှေးဟောင်းပေစာပုရပိုက်စာ(ဦးမြတ်ကျော်)**

**ဘီလပ်ရောက် ပေ၊ ပုရပိုက်များ(ဝင်းတင့်)**

**ဗြိတိသျှတို့က မြန်မာပြည်ကိုသိမ်းပိုက်လိုက်ချိန်တွင် အရေးကြီးသည့် ပေပုရပိုက်များကို ဗြိတိန်နိုင်ငံသို့ယူဆောင်သွားခဲ့ကြသည်။ မန္တလေး နန်းတွင်းလွှတ်တော်ပိဋကတ်တိုက်၊ နန်းတွင်းပိဋကတ်တိုက်၊ ဘုရင့်ပိဋကတ်တိုက်နှင့် ရတနာပုံမြို့တည် ခုနစ်ဌာနတွင် တစ်ခုအပါအဝင်ဖြစ်သည့် တောင်ခြေပိဋကတ်တိုက်တို့တွင် ပေပုရပိုက်များစွာ ရှိခဲ့သည်။ မန္တလေးနန်းတွင်း ပိဋကတ်တိုက်ထဲမှ ပေပုရပိုက်များကို ရန်ကုန်အတွင်းဝန်များရုံးသို့ လှည်းအစီး ၄၀ ကျော်ဖြင့် သယ်ယူခဲ့ပြီး ယင်းပေပုရပိုက်များကို ပုဂံဝန်ထောက်ဦးတင်က စာရင်းပြုစုခဲ့ရာ အဆူပေါင်း ၂၁၈၆၀ ရှိကြောင်း တွေ့ရှိခဲ့**

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၉

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။**

**ကိုယ်စားလှယ်များဖတ်ကြားသွားသည့် စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

*ယမန်နေ့မှအဆက်*

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ် နန်းခမ်းအေးဖတ်ကြားသည့်စာတမ်း



ယနေ့ကမ္ဘာကြီးသည် သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုင်ရာကိစ္စများသည်လည်း ရှေ့တန်းသို့ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် (Democratization)အောက်တွင် မြန်မာနိုင်ငံသည်လည်း လိုက်ပါပြောင်းလဲနေပြီဖြစ်ပါသည်။ လက်ရှိအနေအထားမှ နောက်သို့ပြန်လှည့်ကြည့်မိသောအခါ မြန်မာ့ဒီမိုကရေစီ ခရီးလမ်း၏ ခက်ခဲစွာကျော်ဖြတ်ခဲ့ရသည့် အစိတ်အပိုင်းများကို လှမ်းမြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရစဉ်ကတည်းကပင် ပြည်တွင်းစစ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ လွတ်လပ်ရေးရပြီး သော်လည်း ရာစုနှစ်တစ်ဝက်ကျော်ခန့် ဒီမိုကရေစီဆိတ်သုဉ်း နေခဲ့ပြီး လူ့အခွင့်အရေးပျောက်ဆုံးခဲ့ရသည်။ ပြည်သူလူထု အားဖြင့် အာဏာရှင်စနစ်ကို အချိန်ကြာမြင့်စွာ ဆန့်ကျင် တွန်းလှန်ခဲ့ရပြီး ဒီမိုကရေစီရေးအတွက် ခက်ခဲပင်ပန်းစွာ တိုက်ပွဲဝင်တောင်းဆိုခဲ့ရသည်။ ယနေ့အချိန်ကာလသည် မြန်မာ နိုင်ငံတွင် ပြည်သူလူထုအားလုံးက အရပ်သားအစိုးရတစ်ရပ်ကို အောင်မြင်စွာ မဲပေးရွေးချယ်တင်မြှောက်နိုင်ခဲ့ပြီး အစိုးရက လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက် နေသည့်အချိန်အခါ ဖြစ်ပါသည်။

ဒီမိုကရေစီဆိုသည်မှာ လူထုကအုပ်ချုပ်သည့်စနစ် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုကသာလျှင် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ရှင်များ ဖြစ်ပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့အတူ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်တစ်ခု၏ နိုင်ငံသားများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်သူပြည်သားများပင်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပြည်မနှင့်တောင်တန်း ဒေသတို့ အတူတကွ ပူးပေါင်းကာ တည်ဆောက်ခဲ့ကြသည်။ မိမိတို့ကိုယ်စီ ပိုင်ဆိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာများ ကို စွန့်လွှတ်၍ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အပြည့်အဝအာမခံသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ကြီးကိုတည်ဆောက်ရန် ရည်ရွယ်ခဲ့ကြသည်။ အဆိုပါရည်ရွယ်ချက်သည် စစ်တပ်မှ နိုင်ငံရေးနယ်ပယ်အတွင်းသို့ဝင်ရောက်လာ သည့်နောက်ပိုင်း ပျက်စီးခဲ့ရပြီး ဒီမိုကရေစီရှင်သန်ရန်အခွင့် အလမ်းများသည်လည်း မှေးမှိန်ခဲ့ရသည်။

တန်းတူရေးသည် ဒီမိုကရေစီ၏အနှစ်သာရပင်ဖြစ်သည်။ သို့သော် တိုင်းရင်းသားများလိုလားသည့်တန်းတူရေးကို အသိအမှတ်မပြုသည့်အတွက် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးမရရှိခဲ့ပါ။ ငြိမ်းချမ်းရေးမရှိသည့်အတွက် ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို အဟန့်အတားဖြစ်စေခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားကြမည်ဆိုလျှင် တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေးကို တစ်ပြိုင်တည်း တစ်ချိန်တည်း ဖြေရှင်းသွားကြရမည်ဖြစ်သည်။

အတိတ်ကိုပြန်ကြည့်သည့်အခါ ဒီမိုကရေစီနောက်တန်းသို့ရောက်နေချိန် ဝါဒရေးရာများ အားကောင်းစဉ်ကာလက တိုင်းရင်းသားအရေးသည် လူတန်းစားအရေး၏အောက်တွင် ကွယ်ပျောက်ခဲ့ရပြီး ဒီမိုကရေစီရှေ့တန်းရောက်လာသည့် အချိန်တွင် တိုင်းရင်းသားအရေးသည် လူ့အခွင့်အရေးအောက်တွင် ဖုံးကွယ်ခံခဲ့ရသည်။ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားအရေးနှစ်ခုသည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းပမာဖြစ်ပြီး မည်သည်က ပိုသည်ဟူ၍ မရှိပါ။ တိုင်းရင်းသားအရေးကို မဖြေရှင်းနိုင်သရွေ့ ဒီမိုကရေစီရေးသည်လည်း ရှေ့ဆက်သွားရန် အခက်အခဲရှိနေဦးမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခကို လက်တွေ့ကျကျဖြေရှင်းနိုင်ရန်အချိန်ကျရောက်နေပြီဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်ထောင်စုပြဿနာများကို ဒီမိုကရေစီလမ်းစဉ်အပေါ်အခြေပြုကာ တွေ့ဆုံဆွေးနွေးရေး ယဉ်ကျေးမှုများ၊ အမျိုးသားရင်ကြားစေ့ရေးခြေလှမ်းများ၊ ပွင့်လင်းမြင်သာမှုရှိသော ချဉ်းကပ်မှုများဖြင့် အကောင်အထည်ဖော်ဆောင်လာသည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့နေရပါသည်။ ပြဿနာ၏ အကြောင်းရင်းကိုသိလျှင် ဖြေရှင်းရန်နည်းလမ်းသည် ရှိစမြဲဖြစ်သည်။ ပြဿနာအပေါ် စိုးရိမ်နေစရာအကြောင်း မရှိသင့်ကြောင်းနှင့် ပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းကြမှသာပြဿနာသည် ပြေလည်နိုင်မည်ဖြစ်ကြောင်း၊ ပြဿနာကိုမဖြေရှင်းဘဲ ပြဿနာမရှိချင်ယောင်ဆောင်နေခြင်းသည်သာ စိုးရိမ်စရာဖြစ်ကြောင်း သူမ၏ သဘောထားကို ရိုးရှင်းစွာထုတ်ဖော်ခဲ့သည်။

အဆိုပါသဘောထားသည်ကျွန်ုပ်တို့နိုင်ငံကို ဒီမိုကရေစီတိုင်းပြည်အဖြစ် ထူထောင်ကြရာတွင် လမ်းပြမြေပုံတစ်ရပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးသည် စိန်ခေါ်မှုများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ အဆိုပါစိန်ခေါ်မှု အဟန့်အတားများကို တိုင်းရင်းသားပြည်သူ လူထုအပေါင်း၏ ဒီမိုကရေစီကိုလိုလားသည့် ပြင်းပြသည့်ဆန္ဒဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ် ရှင်သန်အမြစ်တွယ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ် ချောမွေ့စေရေးအတွက် တိုင်းရင်းသားအားလုံးက ဒီမိုကရေစီကင်းမဲ့သည့်ကာလ၏ ခါးသီးသောဒဏ်ကို ပြန်လည်အောက်မေ့ရင်း မဆုတ်မနစ်သည့် ဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းနေရမည်ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်ပြီး တရားမျှတသော ပြည်သူလူထုအာဏာဖြင့် အုပ်ချုပ်သည့်စနစ်ဖြစ်သည်။ လူ့အခွင့်အရေးအပေါ် သဟဇာတဖြစ်စေသော ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည်။ ဒီမိုကရေစီစနစ်မထွန်းကားသရွေ့ကာလပတ်လုံး ငြိမ်းချမ်းရေးမရှိနိုင်ပါ။ ငြိမ်းချမ်းရေးမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ရှိမလာနိုင်ပေ။ နိုင်ငံသားအားလုံးကို သာတူညီမျှ တန်းတူအကျိုးပြုနိုင်စေမည့် ဒီမိုကရေစီနိုင်ငံရေးစနစ်အား မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံသားအားလုံးက လိုလားမျှော်မှန်းလျက်ရှိကြသည်။ ဤနေရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်အပေါ် နိုင်ငံတကာမိသားစုကလည်း အားပေးကူညီနေကြမည်ဆိုသည်ကို ယုံမှားသံသယရှိစရာမလိုသလို ငြိမ်းချမ်းသာယာဝပြော တိုးတက်သော ဒီမိုကရေစီတိုင်းပြည်အဖြစ် တည်ဆောက်နေသည့်နေရာတွင် အားလုံးပါဝင်ရေးသည်လည်း အရေးကြီးသည့်အချက်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသောဒီမိုကရေစီစနစ်ပီပြင်စွာအကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံသူ နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ ဒီမိုကရေစီမျိုးစေ့ ရှင်သန်လာစေရန်၊ ဒီမိုကရေစီရေခံမြေခံများ ကောင်းမွန်လာစေရန်၊ ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်ခံ့စေရန်၊ ဒီမိုကရေစီအဆောက်အအုံများ ကြီးထွားလာစေရန်နှင့် ဒီမိုကရေစီအဝန်းအဝိုင်း ကျယ်ပြန့်လာစေရန် တပ်မတော်အပါအဝင် လွှတ်တော်၊ အစိုးရ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများသည်လည်း ကျရာအခန်းကဏ္ဍအလိုက်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးနှင့် ဝိုင်းဝန်းညီညာစွာ လက်တွဲကာစုပေါင်းစွမ်းအားဖြင့်ဆောင်ရွက်ရင်း "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဆောင်ပုဒ်အတိုင်း အောင်မြင်စွာချီတက်သွားနိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## ရခိုင်အမျိုးသားပါတီကိုယ်စားလှယ် ဒေါ်ခင်စောဝေဖတ်ကြားသည့်စာတမ်း

ဒီမိုကရေစီအပေါ်သန္နိဋ္ဌာန်ချယုံကြည်လျက် ရခိုင်အမျိုးသားပါတီမှ ဤစာတမ်းကို တင်သွင်းအပ်ပါသည်။

ဘာလင်တံတိုင်းပြိုပြီး စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်ပိုင်းတွင် ဒီမိုကရေစီအတွေးအခေါ်ရေစီးကြောင်းသည် ကမ္ဘာ့နိုင်ငံရေးကို လွှမ်းမိုးလာနိုင်ခဲ့သည်။ ၎င်းနှင့်အတူဈေးကွက်စီးပွားရေးစနစ်သည်ကမ္ဘာ၏ မောင်းနှင်အားဖြစ်လာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်ပင်လျှင် ဈေးကွက်စီးပွားရေးကိုအခြေခံသော ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးနေပြီဖြစ်သည်။ ယနေ့ကာလတွင်ကမ္ဘာပေါ်၌ ဒီမိုကရေစီကိုဆန့်ကျင်သော အာဏာရှင်စနစ်ကျင့်သုံးသည့် နိုင်ငံများကို လက်ချိုးရေတွက်၍ရနိုင်ပေသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များကလည်း ဒီမိုကရေစီ၏ အားနည်းချက်များကိုထောက်ကာ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရများ ဤမြေကမ္ဘာတွင် ပေါ်ထွန်းလာစေဖို့၊ ရေရှည်တည်တံ့ခိုင်မာစေဖို့ သုတေသနပြုလျက်ရှိကြပေသည်။ တစ်ချိန်တည်းတွင် ယဉ်ကျေးမှုများ ပွတ်တိုက်ခြင်းနှင့် အိမ်ဖြူတော်၏ပေါ်လစီအမှားများမှ ပေါ်ထွက်လာသော အစွန်းရောက်မှုဆလင်များ၏ ခြိမ်းခြောက်မှုသည် ဒီမိုကရေစီအား ခြိမ်းခြောက်လျက်ရှိပေသည်။ ကမ္ဘာ့နေရာအနှံ့၊ နိုင်ငံအနှံ့တွင်ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ အသေခံဗုံးခွဲမှုများ၏ နောက်ကွယ်မှ သဘောတရားသည် ဒီမိုကရေစီ၏ဆန့်ကျင်ဘက် မဟာရန်သူတော်ကြီးပင်ဖြစ်ပေသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဆယ်စုနှစ်များစွာ ဝေးကွာနေခဲ့ရာမှ ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် ဒီမိုကရေစီစံနှုန်းဆိုင်ရာ အားနည်းချက်များစွာရှိသော်လည်း၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ကနဦးခြေလှမ်းကိုစတင်ကာ ဒီမိုကရေစီအုတ်မြစ်ကို ချမှတ်နိုင်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲကို ဒုတိယအကြိမ်မြောက် ဖြတ်သန်းကာ လူထုကတင်မြှောက်သော အစိုးရသည် မြန်မာ့မြေပေါ်တွင် ပေါ်ထွန်းလာနိုင်ခဲ့ပြီဖြစ်ပါသည်။ ဒီမိုကရေစီဆိတ်သုဉ်း ခဲ့သော သမိုင်းကာလ၌ ဆိုးမွေများစွာရှိနေပြီး စိန်ခေါ်မှုများနှင့် ကျော်လွှားရမည့်အခက်အခဲများစွာရှိနေပါသည်။



မြန်မာနိုင်ငံသည်လူမျိုးပေါင်းစုံနေထိုင်သည့်နိုင်ငံဖြစ်သည့်အတွက် အချင်းချင်း ချစ်ကြည်စည်းလုံးသည့် ပြည်ထောင်စုကြီးဖြစ်လာစေရန် ဒီမိုကရေစီအရိပ်အာဝါသအောက်တွင် တန်းတူရေးနှင့် တရားမျှတမှုဖော်ဆောင်ရန် အလွန်အရေးကြီးပေသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်အာမခံပေးသော နိုင်ငံတော်ဖြစ်ရန် လိုအပ်ပါသည်။

မိမိတို့အမျိုးသားရပိုင်ခွင့်များ ဆုံးရှုံးရသောကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ကာ ပြဿနာကိုဖြေရှင်းရန် ကြိုးစားခဲ့ကြသဖြင့် ပြည်တွင်းစစ်နွံထဲတွင် ကျရောက်ကာ ညီနောင်ရင်းချာများ အချင်းချင်းသွေးချောင်းစီးခဲ့ရသည့် သမိုင်းဖြစ်စဉ်များကိုလည်း ကျော်လွှားရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့အရေးတွင် ဒီမိုကရေစီနှင့် တိုင်းရင်းသားပြဿနာသည် ခေါင်းနှင့်ပန်းပမာဖြစ်နေပေသည်။ ပြဿနာများကိုလည်း လက်နက်စွဲကိုင်မဖြေရှင်းဘဲ ဒီမိုကရေစီယဉ်ကျေးမှုအရ နိုင်ငံရေးဆွေးနွေးပွဲများဖြင့် အဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးကာ NCA စာချုပ်ပေါ်ထွက်လာပြီး ထိုမှတစ်ဆင့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နိဒါန်းပျိုးနိုင်ခဲ့ပါသည်။ ယခုပြည်သူ့အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ ပိုမိုပါဝင်လာသောပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစုပင်လုံ)ကို ဆက်လက်ကျင်းပနိုင်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းရေးကိုအခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားခဲ့ကြပါပြီ။ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှသာလျှင် မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းသည် ညင်သာချောမွေ့မည် ဖြစ်ပေသည်။ ဒီမိုကရေစီနှင့် စစ်မှန်သော ဖက်ဒရယ်စနစ်ကို အာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးမှာလည်း အလွန်အရေးကြီးပေသည်။

လက်ရှိဒီမိုကရေစီအကူးအပြောင်းကာလသည် မြန်မာနိုင်ငံအတွက်အတွေ့အကြုံနုနယ်သေးသည့်အတွက် ကဏ္ဍပေါင်းများစွာတွင် အားနည်းချက်များရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားလာရေး၊ ပြည်သူလူထုအတွင်းဒီမိုကရေစီအသိတရားများ ထွန်းကားလာရေးနှင့်အနာဂတ်မျိုးဆက်သစ်လူငယ်များ ဒီမိုကရေစီပညာရေးအမွေရရှိရေးသည် စိတ်ပိုင်းဆိုင်ရာ အရေးတကြီးလိုအပ်ချက်ဖြစ်ပေသည်။ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ပြီး အဆင့်ဆင့်လွှတ်တော်များ ခိုင်မာအားကောင်းရေးသည် ဒီမိုကရေစီရှင်သန်ရေးအတွက် ပဓာနကျပေသည်။ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် လူမျိုးစုငယ်များပါဝင်မှုကို အသိအမှတ်ပြုသော ရွေးကောက်ပွဲစနစ်များလည်း စဉ်းစားသုံးသပ်ရန်လိုအပ်နေပေသည်။ အိုင်တီနည်းပညာလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံ၏ဒီမိုကရေစီတိုးမြှင့်ရေးအတွက် အသုံးချနိုင်ရပေမည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲသည် မြန်မာ့ဒီမိုကရေစီကို အစမ်းသပ်ခံမည့် ဒီမိုကရေစီပွဲတော်ဖြစ်ပေသည်။ မြန်မာ့မြေ၌ ဒီမိုကရေစီ အောင်ပွဲခံမည်လားဆိုသည်မှာ တိုင်းရင်းသားပြဿနာကို အောင်မြင်စွာ ဖြေရှင်းညှိနှိုင်းမှုနှင့် ဆက်စပ်နေပါသည်။ မည်သို့ဆိုစေ တိုင်းရင်းသားပေါင်းစုံ၊ မြန်မာပြည်သူများသည် ဒီမိုကရေစီလမ်းမကြီးပေါ်သို့ ရဲရင့်ယုံကြည်စွာ လျှောက်လှမ်းခဲ့ကြပါပြီ။ နောက်ပြန်လှည့်စရာအကြောင်းလည်း မရှိပါတော့ချေ။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရှောင် စက်တင်ဘာ ၁၉**

(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လှိုင်မြင့်၊ ဒုတိယရဲမှူးသိန်းဇော်၊ မြို့မစခန်းမှူး ဒုရဲမှူးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင် ၄၁ ဦးတို့သည် ဈေးတန်းရပ်ကွက်ရှိ မြို့ဦးမင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၇ ရက်က ချုံနွယ်၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း-ရှောင်**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ် ဒေါ်နန်းနီနီအေးဖတ်ကြားသည့်စာတမ်း



၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်အပေါင်းနဲ့ နိုင်ငံသူ နိုင်ငံသားများအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေ၊ ယနေ့ကျွန်မတို့နိုင်ငံတွင် ကျင့်သုံးနေသော ပါတီစုံဒီမိုကရေစီကျင့်စဉ်များနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွတ်လပ်၍ တရားမျှတရေးဟူသော လုပ်ငန်းစဉ်ကြီးများမှာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်နိုင်ငံများအနက် ၆၇ ဒသမ ၇၃ ရာခိုင်နှုန်းသောနိုင်ငံများ၏ ဒီမိုကရေစီကျင့်စဉ်များ ကျင့်သုံးနေမှုကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ နိုင်ငံအစိုးရများက ဒီမိုကရေစီကျင့်စဉ်များကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသူ နိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်နိုးကြားနေစေရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်များကို ယခုအချိန်တွင် ဖော်ဆောင်နေသကဲ့သို့ အနာဂတ်ကာလများတွင်လည်း ထာဝစဉ်ဖော်ဆောင်ရန် လိုအပ်နေကြောင်း နှိုးဆော်သတိပေးသည့် ရည်ရွယ်ချက်များဖြင့် ပါလီမန်အမတ်များသမဂ္ဂ (Inter Parliamentary Union-IPU) က နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်ကို ၂၀၀၇ ခုနှစ်တွင် အတည်ပြုခဲ့ရာမှစတင်၍ နှစ်စဉ်ဒီနေ့ရောက်တိုင်း နိုင်ငံတိုင်းမှာ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပရခြင်း ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ပြီး ဒီမိုကရေစီရေးရာလုပ်ငန်းစဉ်ကြီးများကို မမေ့လျော့ရလေအောင် အသိပေးနှိုးဆော်လေ့ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်ကတော့ "Democracy 2030" **"အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"** ပဲဖြစ်ပါတယ်။

ဒီဆောင်ပုဒ်ကတော့ အနာဂတ်မှာ ရှိသင့်ရှိနိုင်ရမည့် ဒီမိုကရေစီအသွင်လက္ခဏာများကို မျှော်မှန်းပြီး နှိုးဆော်ထားခြင်းဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၃၀ မှာ မဲဆန္ဒရှင်ပြည်သူတိုင်း Online က မဲပေးခွင့်ရရှိရပါမယ်။ ဥပဒေနှင့်အညီ ငြိမ်းအေးစွာစုဝေးခွင့်ရှိရပါမယ်။ နိုင်ငံရေး လုပ်ငန်းစဉ်တွေမှာ လူငယ်တွေပါဝင်ခွင့်ရရှိရပါမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ပြည်သူတို့၏မျှော်လင့်ချက်များ ဖြည့်ဆည်းရန် အားလုံးပူးပေါင်းပါဝင်မှုများအတွက် လွှတ်တော်များ၊ အစိုးရများက ဘာတွေလုပ်ပေးမှာလဲ၊ ဘာတွေပြင်ဆင်ထားသလဲ၊ ဘာတွေလိုအပ်သလဲဆိုတာ ပြန်လည်ဆန်းစစ်ရင်း ဆက်လက်လုပ်ဆောင်သွားရန်အတွက် ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ သန္နိဋ္ဌာန်အနေဖြင့် "နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်" ဟု ချမှတ်ထားသဖြင့် ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်ကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည့်ပါတီဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ **"မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုအစပြည်ခိုင်ဖြိုးက"**လို့ ဆိုရလောက်အောင် ပြည်သူများလိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြောင်းလဲရေးကို ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အကြိုပြင်ဆင်မှုအဆင့်၊ ဒီမိုကရေစီနိုင်ငံ ထူထောင်တည်ဆောက်ရန် အသွင်ကူးပြောင်းရေးအဆင့်တို့ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

သန္နိဋ္ဌာန်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ကျွန်မတို့ပါတီရဲ့ ရေ့လုပ်ငန်းစဉ်မှာ **"လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းဖွဲ့စည်းခွင့်၊ ရွေးချယ်တင်မြှောက်ပိုင်ခွင့် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ"** စသည့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးကို ကူညီဆောင်ရွက်သွားမည်ဟု ပါရှိပါသဖြင့် ကျွန်မတို့နိုင်ငံ၏ ဒီမိုကရေစီရှင်သန်ရင့်ကျက်ခိုင်မာသည့်အဆင့် တက်လှမ်းနိုင်အောင် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ထို့အတူ ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းရင်းသားများ တန်းတူညီတူမှုရရှိရေးအတွက် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထပ်မံလိုအပ်မယ့် ဥပဒေအချက်အလက်များကို ဖြည့်စွက်ပြင်ဆင်ရန် မူအားဖြင့် သဘောတူထားပြီးဖြစ်ပါတယ်။

အလားတူ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအား အာဏာသုံးရပ်ခွဲဝေအပ်နှင်းရေးမှာ လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင်ဆောင်ရွက်ရန် တိုင်းရင်းသားအားလုံးရဲ့ တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးများခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ရန်၊ နိုင်ငံတော်၏သယံဇာတ များကိုသဘာဝ ပတ်ဝန်းကျင်မထိခိုက်စေဘဲ ရေရှည်ထုတ်ယူသုံးစွဲပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကျိုးစီးပွား မျှတစွာခွဲဝေသုံးစွဲရန်၊ ဘဏ္ဍာငွေနှင့် အခွန်အကောက် ခွဲဝေသုံးစွဲမှုကို ပြည်သူ့အတွက် အကျိုးရှိထိရောက်အောင် သုံးစွဲရန်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်အပြင် ဖွံ့ဖြိုးမှုနောက်ကျသော ပြည်နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ အားပေးမြှင့်တင်ရေးအစရှိတဲ့လုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများအားလုံး၊ တိုင်းရင်းသားပြည်သူများ အားလုံးနဲ့ အတူတကွလက်တွဲပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့"** ကို အောင်မြင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖတ်ကြားသည့်စာတမ်း

ကြွရောက်လာကြသော နိုင်ငံတော်အကြီးအကဲများနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်အပေါင်းကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ (ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်)ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် နိုင်ငံတကာပါလီမန်များအဖွဲ့ Inter Parliamentary Union(IPU) က သတ်မှတ်တဲ့ ဆောင်ပုဒ်က "အားလုံးပူးပေါင်းပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့" Democracy 2030 ဖြစ်ပါတယ်။

ယခုနှစ် မတ်လက ဇမ်ဘီးယားနိုင်ငံ(လူစကာ)မှာ ကျင်းပတဲ့ နိုင်ငံတကာပါလီမန်များအဖွဲ့ရဲ့ (၁၃၄)ကြိမ်မြောက်ညီလာခံမှာတော့ ဒီမိုကရေစီကို အားသစ်လောင်းဖို့နဲ့လူငယ် မျိုးဆက်တွေရဲ့အသံကိုအားပေးဖို့ အပြင်းအထန်ဆွေးနွေးခဲ့ ကြတာကို လေ့လာသိရှိရပါတယ်။

ဒါ့အပြင် Democracy 2030 (အားလုံးပူးပေါင်းပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့)ဆိုတဲ့ ဆောင်ပုဒ်နဲ့ ချိတ်ဆက်အကောင်အထည်ဖော်ရာမှာ ရေရှည်ခံမယ့် ဖွံ့ဖြိုးတိုးတက်မှုအခြေပြုအစီအစဉ်တွေ၊ အနာဂတ်လူငယ်အခန်းကဏ္ဍနဲ့ ဒီမိုကရေစီအားသစ်လောင်းနိုင်ရေးအတွက် ပါလီမန်တွေဟာ ဘယ်လိုအခန်းကဏ္ဍကနေ ဘယ်လောက်ပါဝင်စွမ်းဆောင်နိုင်မလဲဆိုတာကိုလည်း ဦးတည်ဆွေးနွေးကြဖို့ ဆန္ဒပြုခဲ့ကြပါတယ်။



ဒီနေရာမှာ (Democracy & Sustainable Development) ဒီမိုကရေစီနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် အမြဲတမ်းဆက်စပ်နေတာက ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံဟာဆိုရင် မတူကွဲပြားတဲ့ လူမျိုးဘာသာ၊ တိုင်းရင်းသားပေါင်းစုံနဲ့စုစည်းထားတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးလို့ပြောလိုက်တာနဲ့ ဖက်ဒရယ်ပြည်ထောင်စုအရေးဟာလည်း တစ်ဆက်တစ်စပ်တည်း စဉ်းစားဆွေးနွေးရမယ့်အရေးဖြစ်လာပါတယ်။

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဆုံးစွန်သော နိုင်ငံရေးရည်မှန်းချက်ဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့ အညီ ကျွန်မတို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ)ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့က စတင်ကျင်းပခဲ့တယ်ဆိုတာ အားလုံးအသိပင်ဖြစ်ပါတယ်။

ဒီ ၂၁ ရာစုပင်လုံညီလာခံရဲ့အဓိကရည်မှန်းချက်ကတော့ ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီစနစ်နဲ့စစ်မှန်တဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ပြိုင်နက်ဖော်ဆောင်ဖို့တာဝန်တွေရှိနေပါတယ်။ ကျွန်မတို့တစ်တွေဟာ ကောင်းမွန်တဲ့အနာဂတ်ကို မျက်နှာမူထားနိုင်ဖို့ဆိုရင် လူငယ်တွေရဲ့ အခန်းကဏ္ဍကိုမေ့ထားလို့မရပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၉ ခုနှစ်နှောင်းပိုင်းမှာ စတင်တည်ထောင်စဉ်ကတည်းက လူငယ်အဖွဲ့စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလများ၊ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှာ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲ အောင်မြင်မှုတွေကိုပြန်ကြည့်ရင် NLD လူငယ်တွေရဲ့ အင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက်မှုတွေဟာ ကြီးမားတဲ့အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲမှာ ထိုလူငယ်ထုမှ အင်အားအချို့ဟာ ရွေးချယ်တင်မြှောက်ခံရပြီး တချို့မှာ အုပ်ချုပ်ရေးကဏ္ဍ၊ တချို့မှာ ဥပဒေပြုရေးကဏ္ဍများမှာ အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။

IPU က ရည်ညွှန်းထားတဲ့ ၂၀၃၀ ပြည့်နှစ်များမှာ ဒီလူငယ်ခေါင်းဆောင်အချို့ဟာ ဒီမိုကရေစီစနစ်ကို အားသစ်လောင်း၊ လက်ဆင့်ကမ်းသယ်ဆောင်သွားမယ့် မျိုးဆက်သစ်များဖြစ်ကြောင်းကိုလည်း မီးမောင်းထိုးပြလိုပါတယ်။

အမှန်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာကတည်းကစလို့ လူငယ်အင်အားစု မြောက်မြားစွာ ပါရှိခဲ့ပါတယ်။ ခေတ်၊ စနစ်အခြေအနေဖြတ်သန်းမှုအရ အင်အားပြန်းတီးမှုရှိခဲ့သော်လည်း ကျန်ရှိနေတဲ့လူငယ်အင်အားစုများသည် ယခုအချိန်တွင် သက်လတ်ပိုင်းသို့ရောက်ရှိနေကြပြီဖြစ်ပါသည်။ ယနေ့ မြန်မာ့လူဦးရေ အချိုးအစားအရ ကြီးမားများပြားသည့် လူငယ်အင်အားထုမှ လူငယ်များသည် ၂၀၃၀ ပြည့်နှစ်တွင်လည်း နိုင်ငံ့တာဝန်အသီးသီးကို ထမ်းဆောင်ကြရမည့် ထမ်းဆောင်နိုင်မည့်ပုဂ္ဂိုလ်များ ဖြစ်လာပါလိမ့်မည်။

ထို့အတူ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်လည်း ဒီမိုကရေစီစနစ်ရှင်သန်ပြန့်ပွားရေးတာဝန်ကို စဉ်ဆက်မပြတ်မျိုး ဆက်ချင်းဆက်ကာ လှုပ်ရှားဆောင်ရွက်နေသည့်အလျောက် ၂၀၃၀ပြည့်နှစ် အလွန်ကာလများဆီအထိ ဒီမိုကရေစီစနစ်ရှင်သန်အားကောင်းနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မျိုးထူးဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၆၃ ဦးတို့သည် မြဝတီခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့စဉ်**
(မြန်မာ့အလင်း)

## မိုးစပါးမြေသြဇာကြဲပက်ခြင်း တောင်သူပညာပေးသရုပ်ပြ

**ဘီးလင်း စက်တင်ဘာ ၁၉**

သထုံခရိုင် ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှုဦးဆောင်၍ ဇွဲကလာကျေးရွာရှိ အကျိုးဆောင်တောင်သူ ဦးရွှေခိုင်၏ လယ်မြေငါးကေတွင် သက်တမ်းအလိုက်မြေသြဇာကြဲပက်ခြင်း၊ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ကေတွင်မျိုးကွဲပယ်နုတ်ခြင်းကို စက်တင်ဘာလ ဒုတိယပတ်က တောင်သူပညာပေးသရုပ်ပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမြင့်ခိုင်က ကွင်းသရုပ်ပြပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်ဆွေကမြေဆီလွှာနှင့် ရာသီဥတုပြောင်းလဲမှုအကြောင်းနှင့် ပိုးမွှားရောဂါကျရောက်ပျက်စီးမှုတွင် ကုသနှိမ်နင်းနည်းနှင့် ကာကွယ်ရန်နည်းလမ်းများကို လည်းကောင်းရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က "ရွှေလရောင်" ပရဟိတအသင်းမှ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ ကလေးငယ် ၁၀၅ ယောက်အား အာဟာရဒါနတိုက်ကျွေးစဉ်** ("ရွှေလရောင်" ပရဟိတအသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင် ဦးဆောင်၍ အသင်းသူ၊ အသင်းသား ၅၀ တို့မှ ရပ်ကွက်သန့်ရှင်းရေးများဆောင်ရွက်ကြစဉ်) ဓာတ်ပုံ-ကိုနေ(နေပြည်တော်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးဈေးကွက်ပြန်လည်ဖော်ဆောင်ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေး

**မြိတ် စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငါးဈေးကွက် ပြန်လည်ဖော်ဆောင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ရေလုပ်ငန်းမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးတို့က အမှာစကားပြောကြားကာ PYOE PIN & NAG မှ ဦးအောင်ကျော်သိန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခွန်ဝင်းသောင်က ရေလုပ်ငန်း ဥပဒေကြမ်းဆိုင်ရာများအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်ရွှေက တနင်္သာရီတိုင်းဒေသကြီးတွင် လက်ရှိရေလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သူများက ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စိန်ခေါ်မှုများ၊ ငါးဈေးကွက်နှင့် နိုင်ငံတကာ အခြေအနေ အခွင့်အလမ်းများ၊ ရေထွက်ပစ္စည်းဈေးကွက်သို့ တင်ပို့ခြင်းအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ငါးဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ အလုပ်သမားဥပဒေနှင့် အလုပ်သမားရေးရာကဏ္ဍများ၊ ငါးလုပ်ငန်း ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ မဟာဗျူဟာများ၊ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**ခိုင်ထူး(မြိတ်)**

---

# မြိုင်ကြီးငူအထူးဒေသမှ စစ်ဘေးရှောင်ပြည်သူများအား နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် ရောက်ရှိနေသော မဲသဝေါဒေသမှ စစ်ဘေးရှောင်ပြည်သူများအား လှိုင်းဘွဲ့မြို့နယ်နှင့် ကမမောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ နယ်လှည့်စာကြည့်တိုက်နှင့်ပညာပေးလုပ်ငန်းများကိုစက်တင်ဘာ ၁၇ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိုင်ကြီးငူအထူးဒေသတွင် မဲသဝေါဒေသရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၆၇၅ စုမှ လူဦးရေ ၃၈၇၄ ဦး ယာယီစစ်ဘေးရှောင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ လှိုင်းဘွဲ့မြို့နယ်နှင့် ကမမောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မြပန်းဝတ်မှုံခန်းမ ယာယီစခန်း၌ ပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်စာစောင်များကို ငှားရမ်းပေးကာ မိုင်းအန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**တွံတေး စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မာရေးနှင့် ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတ အသိပညာတိုးပွားစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်တွင် တွံတေးမြို့နယ် ငှက်ပျောစမ်းကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာရှိ ပညာမီးအိမ်စာကြည့်တိုက်နှင့် ရန်ကုန်ရော်ဘာခြံကျေးရွာအုပ်စု တန်းလျားလေးကျေးရွာရှိ သုတသိဒ္ဓိစာကြည့်တိုက်များသို့ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးသက်ဦးနှင့် ဝန်ထမ်းများက နယ်လှည့်ကွင်းဆင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်တာဝန်ခံများနှင့် စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေး၊ စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ တိုးပွားရေး၊ စာဖတ်စာငှားသူ တိုးပွားရေး၊ ကျောင်းသား ကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေဖတ်ရှုသည့်အလေ့အထကောင်းများ ရရှိစေရေးအတွက် စာကြည့်တိုက်များတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကျင်းပ၍ ဆွဲဆောင်စည်းရုံးရန် ဆွေးနွေးမှာကြားခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

---

# မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအန္တရာယ်နှင့် ယာဉ်စည်းကမ်းဆိုင်ရာများ ပညာပေးဟောပြော

**ဟင်္သာတ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဓမ္မဗိမာန်ကျောင်းတိုက် မေတ္တာသမ္ဗဒါခန်းမဆောင်၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့ပြီး NOBLE ပရဟိတ အခမဲ့ပညာဒါနကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ဟင်္သာတခရိုင် ဥပဒေအရာရှိ ဒေါ်တင်တင်ဝင်းက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်၊ ရောင်းချ၊ သုံးစွဲခြင်းကြောင့် အပြစ်ပေးအရေးယူနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ် ဥပဒေများအကြောင်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းက နည်းမျိုးစုံဖြင့် လူကုန်ကူးမှုပြုလုပ်နေကြပုံနှင့် လူကုန်ကူးခံရနိုင်သော အကြောင်းအရာများ၊ လူကုန်ကူးမှု သဘောတရားများနှင့် သိရှိလိုက်နာဖွယ်ရာများကိုလည်းကောင်း၊ အမှတ်(၈၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကိုလည်းကောင်း လက်တွေ့သရုပ်ပြမှုများဖြင့် အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးများ ပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြသည်။ ဟောပြောပွဲကို NOBLE ပရဟိတအခမဲ့ပညာဒါနကျောင်း ဦးဆောင်ဆရာတော် ဓမ္မဗိမာန်ကျောင်းတိုက်မှ ဒေါက်တာအရှင်ဉာဏာလင်္ကာရ၏ သြဝါဒကိုခံယူ၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

# ရွှေကူတံတားသစ် တည်ဆောက်ပြီးစီးသဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလာ

**သာစည် စက်တင်ဘာ ၁၉**

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ညောင်ရမ်း-ရွှေကူတံတား အသစ်ပြန်လည်တည်ဆောက်မှုများ လုံးဝပြီးစီးသွားပြီဖြစ်၍ ဒေသခံကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် အဆင်ပြေလွယ်ကူလာပြီဖြစ်ကြောင်း သိရသည်။



ညောင်ရမ်း-ရွှေကူတံတားသည် အရှည်ပေ ၁၂၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၂ ပေခွဲရှိပြီး ယခင်က သစ်သားတံတားဖြစ်ကာ မကြာခဏ ပျက်စီးယိုယွင်းနေသောကြောင့် သံပေါင်ရက်မခံ ကွန်ကရစ်ကြမ်းခင်းတံတားအဖြစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် မေ ၁၀ ရက်မှစတင်ကာ အသစ်ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ကျပ် ၆၀၇ သိန်းကုန်ကျပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံး/ငွေရင်း (မူလ)ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေကူတံတားသစ်သည် သာစည်-ညောင်ရမ်းလမ်းမပေါ်တွင်ရှိပြီး ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ပြည်သူများအနေဖြင့် အားထားနေရသော တံတားဖြစ်ရာ ယခု တံတားတည်ဆောက်ပြီးစီးသဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အဆင်ပြေလာစေသည့်အပြင် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကိုပါ တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

---

# မြစ်ရေဝင်ရောက်ခြင်းကြောင့် ပြောင်းရွှေ့ခဲ့ရသူများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်များထောက်ပံ့

**မြင်းမူ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ကျေးရွာနှင့်ရပ်ကွက်အချို့တွင် ဇူလိုင်လနောက်ဆုံးပတ်က ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော ဒေသခံအိမ်ထောင်စုများအတွက် ဆန်များကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စက်တင်ဘာ ၁၇ ရက်က လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ ကျွန်မတို့ထောက်ပံ့မှုတွေတော်တော်ရခဲ့ပါတယ်။ ခါတိုင်းနှစ်တွေနဲ့မတူပါဘူး။ ငွေ၊ ဆန်၊ ပုဆိုး၊ လုံချည်တွေကအစ ရပါတယ်။ ခုပေးတာက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကလို့ သိရပါတယ်"ဟု ဆီးဖြူခြံရပ်ကွက်မှ ရေဘေးကြုံခဲ့ရသော ဒေသခံတစ်ဦးက ပြောသည်။ ဆန်များ ထောက်ပံ့လှူဒါန်းရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြင်းမူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်ပါတီဝင်များက စုရပ်များသို့သွားရောက်ပြီး ဆန်များသွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကာ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၆၃၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်နှုန်း ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

---

# နွေရာသီတွင် သောက်သုံးရေလုံလောက်စွာရရှိရန် စက်ရေတွင်းတူးဖော်ပေး

**ကလေး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ နှစ်စဉ် နွေရာသီကာလတွင် ရေပြတ်လပ်မှု ကြုံတွေ့ရသည့် ရပ်ကွက်တစ်ခုဖြစ်သော လှိုင်သာယာရပ်ကွက်၌ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရန်အတွက် စက်ရေတွင်း တွင်းနက်တစ်တွင်းကို ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီက တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။



စက်ရေတွင်းကို အဆိုပါရပ်ကွက်ရှိ တက္ကသိုလ်မုခ်ဦးကျောင်းဝင်းအတွင်း၌ ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တူးဖော်ပေးနေခြင်းဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် ရေတွင်းအနက် ၂၁၃ ပေအထိ ရောက်ရှိနေပြီဖြစ်ကာ ရေကောင်းရေသန့်ရရှိသည်အထိ ဆက်လက်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာရပ်ကွက်တွင် ယခင်က တွင်းတိမ်အများအပြား တူးဖော်ခဲ့သော်လည်း မြေသားအောက်တွင် ကျောက်များခံနေမှုကြောင့် မြေအောက်ရေမရရှိနိုင်ဘဲ ခါးရေကြောသာရရှိပြီး နွေရာသီကာလတွင် ရေများခန်းခြောက်၍ သောက်သုံးရေပြတ်လပ်မှုများ မကြာခဏကြုံတွေ့ကြရကြောင်း၊ အထူးသဖြင့် ယခင်နှစ်က ကလေးဒေသ ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက်ပိုင်းတွင် သောက်သုံးရေပြတ်လပ်မှုများ ပိုမိုကြုံတွေ့လာရသဖြင့် တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

---

# မြေပဲမျိုးစေ့နှင့် ဓာတ်မြေဩဇာများ အခမဲ့ပေးအပ်

**တွန်းဇန် စက်တင်ဘာ ၁၉**

ချင်းပြည်နယ် တွန်းဇန်မြို့နယ် ခွမ်နွဲကျေးရွာမှ တောင်သူများအနေဖြင့် အစားထိုးသီးနှံအဖြစ် စိုက်ပျိုးရန်အတွက် ဆောင်းမြေပဲမျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ဖလမ်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာ ၁၆ ရက်က အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

တွန်းဇန်မြို့နယ် ဆွေ့င်းပက်ကျေးရွာအုပ်စု ခွမ်နွဲကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် သီးနှံမျိုးစေ့များ ပေးအပ်ပွဲတွင် ဖလမ်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမင်းနိုင်နှင့် တွန်းဇန်မြို့နယ်ဦးစီးမှူး ဦးကိုဆန်းတို့က ခွမ်နွဲကျေးရွာရှိ တောင်သူ ၅၀ ထံသို့ ဆောင်းမြေပဲမျိုးစေ့ တင်း ၁၅၀ နှင့် ဓာတ်မြေဩဇာအိတ် ၅၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။ တွန်းဇန်မြို့နယ်အတွင်း ဆောင်းမြေပဲသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မျိုးစေ့နှင့် မြေဩဇာများ ပေးအပ်သည့်အပြင် တောင်သူများ၏ စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရေး၊ သီးနှံပိုးမွှားများ အန္တရာယ် ကာကွယ်နိုင်ရေးနှင့် သီးနှံအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများကိုလည်း ဆက်လက်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီး၌ ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများလည်း ပါဝင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

**ဗန်းမော် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦးနှင့် စခန်းမှူး ဒုရဲမှူးစိုးမြင့်သန်းတို့ ဦးဆောင်သောရဲတပ်ဖွဲ့ဝင် အင်အား ၃၅ ဦးနှင့် တပ်ဖွဲ့ဝင်မိသားစု ၂၈ ဦးတို့စုပေါင်း၍ မန်စီမြို့ ဇိနမာရ်အောင် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း သန့်ရှင်းရေးအတွက် အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကိုစက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**





**သထုံ စက်တင်ဘာလ ၁၉**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်းနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် နယ်မြေစခန်းမှူးများ မိသားစုဝင်များ စုစုပေါင်းအင်အား ၉၀ သည် စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီခွဲမှစတင်၍ သထုံမြို့ ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်အနီး စွန့်ပစ်အမှိုက်များ ကြွပ်ကြွပ်အိတ်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး ရင်ပြင်တော်ပတ်လည်တွင် တံမြက်စည်းလှည်းကုသိုလ်ပြုဆောင်ရွက်ကြသည်။ **နန္ဒကျော်စွာ**

**ကျောက်တံခါး စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် အပြင်၌ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းထိုက်တို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**



## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲပြုလုပ်

**ကွတ်ခိုင် စက်တင်ဘာ ၁၉**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)အကြောင်း ဆွေးနွေးပွဲကို ကွတ်ခိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က အမှာစကားပြောကြားပြီး လားရှိုးကိုယ်စားလှယ်ရုံးခွဲမှ ပြန်ကြားဆက်သွယ်ရေး ကွင်းဆင်းအရာရှိ မိုင်းအိုက်လော့က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ရန်ကုန် ဆေးတက္ကသိုလ်(၂) ကျောင်းသားသမဂ္ဂက ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းဆေးကုသပေး

**ကန်ကြီးထောင့် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ပေါ် ရပ်ကွက်များနှင့် မြို့နယ်အတွင်း ကျေးရွာများမှ ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသခံများအား ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ သမားတော်ကြီးများနှင့် ကျောင်းသားသမဂ္ဂမှ ဆရာဝန်များက စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ရန်ကုန် ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါ အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာချိုမာလှိုင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ရန်ကုန် ဆေးတက္ကသိုလ်(၂)ကျောင်းသားများ သမဂ္ဂအဖွဲ့ ဆရာဝန်များက ကန်ကြီးထောင့်မြို့ အမှတ်(၁) ရပ်ကွက် လောကမှန်ကူဆုတောင်းပြည့်ဘုရားဝင်းအတွင်းရှိ ရွှေရတုဗိမာန်ကျောင်းဆောင်တော်ကြီး၌ အခြေပြု၍ ရေဘေးကြုံခဲ့သော ရပ်ကွက်နှင့်ကျေးရွာများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်များနှင့် ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ခြင်းဖြစ်သည်။

အခမဲ့ ဆေးကုသပေးရာ၌ ကလေးလူနာ ၅၃ ဦး၊ အရေပြားလူနာ ၂၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၉၅ ဦး၊ မီးယပ်လူနာ ၃၀၊ အရိုး၊ အကြောလူနာ ၂၁၆ ဦး၊ မျက်စိလူနာ ၃၁၅ ဦးနှင့် အထွေထွေလူနာ ၃၁၆ ဦး စုစုပေါင်း လူနာ ၁၀၄၈ ဦးကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက် ကုသရန် လိုအပ်သော လူနာများကိုလည်း လိုအပ်သည်များညွှန်ကြားပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာတွင် ကန်ကြီးထောင့်မြို့ပေါ်နှင့် ကျေးရွာများမှ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များမှ လူငယ်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ဗုဒ္ဓ ဓမ္မလူမှုကူညီရေးအဖွဲ့၊ အဖြူရောင် နာရေးကူညီမှုအဖွဲ့နှင့် စေတနာရှင်ပြည်သူများစုပေါင်း၍ နယ်ဝေးမှ လူနာများအား ကားများဖြင့် အသွားအပြန် ပို့ဆောင်ပေးခြင်း၊ ထမင်းဘူးများ ပေးဝေလှူဒါန်းခြင်းတို့ကိုလည်း ကုသိုလ်ပြုဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**



# ရန်ကုန်မြို့လယ် နောက်ဖေးလမ်းကြားများ သန့်ရှင်းရန် စောင့်ကြည့်အရေးယူမှု တစ်ပြေးညီရှိရန် လိုအပ်နေ

ရန်ကုန် စက်တင်ဘာ ၁၉

**ရန်ကုန်မြို့တွင်းရှိ မြို့လယ်အချို့တွင် ဆောင်ရွက်နေသော နောက်ဖေးလမ်းကြား သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တွင်းနေထိုင်သူများ၏ ကျန်းမာရေးကိုထိခိုက်စေသည့် ကြွက်၊ ခြင်၊ ယင် စသည့်သတ္တဝါမျိုးစုံ ခိုအောင်းကျက်စားရာ အမှိုက်ပုံကြီးများ၊ မြေညီထပ်နေသူအချို့၏ စီးပွားရေးလုပ်ငန်းအတွက် ကျူးကျော်အသုံးချမှုများ၊ မိလ္လာအပါအဝင် ရေဆိုးစီးဆင်းစွန့်ပစ်မှု ချို့ယွင်းနေမှုများအပြင် လုံခြုံရေးအရပါ စိုးရိမ်နေရသော နှစ်အတန်ကြာ ပုံရိပ်ဆိုးများမြင်တွေ့နေရာမှ ၂၀၁၆ ခုနှစ် ဩဂုတ်လလယ်မှစ၍ သန့်ရှင်းသပ်ရပ် ကျူးကျော်အသုံးချမှုကင်းသော မြင်ကွင်းများကို တွေ့ကြုံခံစားလာရသည်ဟု လမ်းမတော်နှင့် လသာမြို့နယ်အတွင်း နေထိုင်သူများအပါအဝင် မြို့လယ်သို့လာရောက် အလုပ်လုပ်ကိုင်နေသူများက ပြောဆိုလာကြသည်။**

ယင်းကဲ့သို့သော နောက်ဖေးလမ်းကြားများ၏ ပုံရိပ်ကောင်းကို ဆက်လက်မြင်တွေ့ရန်၊ အများပြည်သူများ စည်းကမ်းရှိရန် အထူးလိုအပ်နေသည်။ ယခင်အထပ်နိမ့်တိုက်များသာ များပြားနေရာမှ အထပ်မြင့်တိုက်များ ပြောင်းလဲတည်ဆောက် နေထိုင်လာကြသည်။ ထို့ပြင် နောက်ဖေးလမ်းကြားတွင် အမှိုက်ထုပ်များ စည်းကမ်းမဲ့ပစ်ချနေမှုအပေါ် အရေးယူရန် ခဲယဉ်းမှုရှိနေသည်။ မြင်တွေ့သော်လည်း အမုန်းခံဖော်ထုတ်ပြောဆိုမှု မရှိသလောက်ဖြစ်ရာ စည်းကမ်းမဲ့များ ပြန်လည်များပြားလာလျှင် ယခင်အခြေအနေမျိုးသို့ ပြန်ရောက်ရှိသွားမည်ဖြစ်သည်။ ယင်းအခြေအနေမျိုးမဖြစ်ရန် သန့်ရှင်းရေးဆောင်ရွက်ပြီးသော မြို့နယ်များတွင် အများပြည်သူလိုက်နာရန် စည်းကမ်းချက်များကို အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း၊ ဗီနိုင်းအသိပေး စာတန်းနီများ ချိတ်ဆွဲထားခြင်းများ မြင်တွေ့လာရသည်။

စက်တင်ဘာ လလယ်ပိုင်းတွင် လသာမြို့နယ်အတွင်း နောက်ဖေးလမ်းကြားပေါင်း ၂၃ ခုနှင့် လမ်းကြားအတို တစ်ခုတို့ကို မြို့တော်စည်ပင်က တာဝန်ယူရှင်းလင်းပေးပြီး ဖြစ်သည်။ အနော်ရထာနှင့် မဟာဗန္ဓုလကားလမ်းများမှ ယင်းမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ကိုင်မှုများသော လမ်းသွယ်များ၏ နောက်ဖေးလမ်းကြားအချို့ကို ကြည့်ရှုနိုင်ခြင်းမရှိသည့်အတွက် စဉ့်အိုးတန်း (အထက်လမ်း)လမ်းအတွင်းရှိ နောက်ဖေးလမ်းကြားတွင် အမိုးအဖီများပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းအချို့လုပ်ကိုင်လာမှုများ ရှိလာသည်ကို ပြန်လည်မြင်တွေ့စပြုလာသည်ဟု စဉ့်အိုးတန်း (အထက်လမ်း)လမ်း သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလားတူ လမ်းမတော်မြို့နယ်အတွင်း ဖျက်သိမ်းခြင်းမရှိသေးသော အမိုးအဖီများနှင့်အတူ စီးပွားရေးလုပ်ကိုင်မှုအချို့ကို ကားလမ်းမများမှမြင်တွေ့နေရမှု ရပ်ကွက်အချို့တွင် ရှိနေဆဲဖြစ်သည်။

“ရပ်ကွက်အချို့မှာ နောက်ဖေးလမ်းကြားအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုဖို့ ရပ်ကွက်အစီအစဉ်နဲ့ စီစဉ်ထားမှုများရှိလို့ စက်တင်ဘာ ၁၆ ရက် ညပိုင်းက ၁၂ လမ်း (အလယ်လမ်း)၊ လှည်းတန်း(အလယ်တန်း) အထပ်မြင့်တိုက်အချို့ရှေ့မှာ ယင်းတိုက်တွေရဲ့ နောက်ဖေးလမ်းကြားမှာ စည်းကမ်းမဲ့ အမှိုက်ထုပ်များတွေ့ရှိလို့ ထပ်မံမပြုလုပ်ဖို့ လက်ကိုင်အသံချဲ့စက်နဲ့ အသိပေးပြောကြားမှုတွေရှိတယ်” ဟု ၁၂ လမ်း(အလယ်လမ်း)တွင် နေထိုင်သူ ကိုမင်းက ပြောသည်။

“အများပြည်သူတွေ ပူးပေါင်းပါဝင်မှုနဲ့ မိမိတို့ရယူထားတဲ့ လုပ်ငန်းတာဝန်တွေကို ကိုယ်စီကိုယ်င ကျေပွန်စွာ ထမ်းဆောင်ဖို့ လိုအပ်တယ်။ အများပြည်သူအနေနဲ့ အပြုသဘောဖြင့် လိုအပ်ချက်များကို သတင်းဆက်သွယ်ရေးလမ်းကြောင်းမျိုးစုံဖြင့် တင်ပြတာ၊ အရေးယူဆောင်ရွက်နိုင်သော တာဝန်ရှိသူတွေရဲ့ မြန်ဆန်မှန်ကန်ထိရောက်သော အရေးယူမှုရှိတာတွေကြောင့် လက်ရှိမြင်တွေ့နေရပြီဖြစ်တဲ့ ရန်ကုန်မြို့လယ်အချို့ရဲ့ နောက်ဖေးလမ်းကြား သန့်ရှင်းနေတဲ့မြင်ကွင်းတွေကို ရေတိုမဟုတ်ဘဲ ကာလရှည်တည်တံ့ပြီး အများပြည်သူ ကျန်းမာ-သန့်ရှင်း-လုံခြုံရေး တိုးတက်ကောင်းမွန်မယ်၊ ပြည်ပခရီးသွားများအမြင်မှာလည်း ဂုဏ်ယူဖွယ်ရာမြင်ကွင်းတွေ ဖြစ်လာမယ်”ဟု လမ်းမတော်မြို့နယ် (၄) ရပ်ကွက်နေ ရပ်ရှင်သရုပ်ဆောင် ဦးဘသာထူးခေါ် ဦးသန့်ဇင်က ပြောသည်။

**ခင်ဆိုင်**

## စိတ်ကြွရူးသွပ်ဆေးပြားများ မိုးနဲမြို့နယ်၌ ဖမ်းဆီးရမိ

**မိုးနဲ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု ဝမ်ခုံရွာပျက်နေ ကျတဲ့၏နေအိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား အပြားရေတစ်သောင်းနီးပါးကို စက်တင်ဘာ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိုးနဲမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်နိုင် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် ပူးပေါင်းအဖွဲ့များဖြစ်သော RCSS အဖွဲ့မှ အဖွဲ့ဝင်များနှင့် လွိုင်မြေရပ်ကွက်နှင့် ဥယျာဉ်ရပ်ကွက်တို့မှ ရပ်မိရပ်ဖများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဝမ်ခုံရွာပျက်နေ ကျတဲ့၏နေအိမ်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၏ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ ခရီးဆောင် ပီနံအိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၉၈၁၀ (ကာလတန်ဖိုး ကျပ် ၆၈၆၇၀၀၀ ခန့်)နှင့် ငွေစက္ကူရောရာကျပ်ငါးသောင်းကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆေးပြားများနှင့်အတူ ဖမ်းမိသူ ကျတဲ့အား မိုးနဲမြို့မရဲစခန်း၌ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဘေးကြုံခဲ့သောပြည်သူများ၏ လူမှုရေး၊ စီးပွားရေးအချက်များ စစ်တမ်း ကောက်ယူ

**ညောင်တုန်း စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရေကြီးရေလျှံဖြစ်ပွားမှု ကြုံတွေ့ခဲ့ရသော ဂန်ချောင်းနှင့် ချောင်းကြီးကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာ ကိုး ရွာနေ ဒေသခံ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်သော အချက်အလက်များကို ရန်ကုန်တက္ကသိုလ် သင်ကြားရေးဌာနမှ ဆရာ ဆရာမများ စက်တင်ဘာ ၁၇ ရက်က စစ်တမ်းကောက်ယူခဲ့ကြကြောင်း သိရသည်။

ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်သော အချက်အလက်များကို သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စစ်တမ်းများကောက်ယူကြခြင်း ဖြစ်ကြောင်း သိရသည်။ စစ်တမ်းကောက်ယူအပြီးတွင် ဂန်ချောင်းကျေးရွာအုပ်စု ထုံးဝကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စု ၆၈ စုအား တစ်အိမ်ထောင်လျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဘေးသင့် အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျပ်နှစ်သိန်းကိုလည်းကောင်း၊ ချောင်းကြီးကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ကျပ် ၇၀၅၀၀၀ ကိုလည်းကောင်း ရန်ကုန်တက္ကသိုလ်သင်ကြားရေးဌာနမှ ဆရာ ဆရာမများက လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၇ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့မှ ၃-၁၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


wave money
YOMA BANK
The Responsible Bank.
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
JOIN THE LUCKY DRAW NOW!
NEW MITSUBISHI CAR
500,000 MMK
SONY 48" LED TV
SAMSUNG S7 EDGE 32 GB
Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့
ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။
အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနောအသုံးပြုသူများ – ၉၀၀၊
တယ်လီနောအသုံးမပြုသူများ – ၀၉၇၉၀၀၀၉၀၀၀
ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney
တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
ကံစမ်းမဲအစီအစဉ်
• Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
• ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
• Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှုဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သောလုပ်ငန်းစဉ်များ – ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
• ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။
• ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

## ဖောဓိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးမည်ဆိုပါက စိတ်စေတနာကောင်းများအရင်းခံတဲ့
ရင်မှာကြည်နူး "ဖောဓိထူး" နှင့်ဆက်သွယ်လိုက်ပါ။

ခရီးစဉ်များအား စုံစမ်းမေးမြန်း နိုင်ပါသည်။

ခရီးစဉ်များကို အောက်တိုဘာလမှစ၍ လစဉ် ထွက်ရှိပါမည်။ စောစောစာရင်းပေးသူများအတွက် အထူးလျှော့ဈေးများရှိပါသည်။

ရှည်ရက်ခရီး / ၁၄ည ၁၅ရက်ခရီး

HOT LINE: 09-43115598

ရန်ကုန်ရုံးချုပ် - အမှတ် (၃က) တန်ဆောင်မုန်းအိမ်ယာ၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
မန္တလေးမြို့ - အမှတ် (၁၂၈၆) ၈၅ လမ်း၊ ၂၄လမ်းနှင့် ၂၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။



## ကံ့ကော်ရိပ် အငွေ့မတန်း [၃၄]စုံ

**၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ**

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

ကောရီစံစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။



## "ဟောပြောပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်း"

MCC.*i* (Yangon Campus) ၏ ၂၀၁၆ခုနှစ် စက်တင်ဘာကာလတွင်ဖွင့်လှစ်မည့် သင်တန်းများအတွက် ပြုလုပ်သော Open House အခမ်းအနားတွင် ဆရာကြီးပါမောက္ခဒေါက်တာအောင်ထွန်းသက်မှ အောက်ပါအတိုင်းဆွေးနွေးဟောပြောမည်ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်သေးသူ ကျောင်းသူ/ကျောင်းသားများနှင့် မိဘများ၊ စိတ်ဝင်စားသူများအား တက်ရောက်ရန်ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ဆွေးနွေးပွဲခေါင်းစဉ်။ | ။ "Education Pay" အဆင့်မြင့် ပညာရေး၏ အကျိုးကျေးဇူးများ (Benefits of Higher Education) |
| နေ့ရက် ။ | ။ ၂၀၁၆ခုနှစ် စက်တင်ဘာ(၂၁)ရက် |
| အချိန် ။ | ။ နေ့လည် (၁:၀၀ မှ ၄:၀၀)နာရီ |
| နေရာ ။ | ။ အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။ |

၂၀၁၆ ခုနှစ် စက်တင်ဘာကာလတွင် ဖွင့်လှစ်မည့် သင်တန်းများ၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များကိုပါ တာဝန်ရှိသူများမှရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်း၍လည်းကောင်း၊ facebook မှ Online ဖြင့်လည်းကောင်း စာရင်းသွင်းတက်ရောက်နိုင်ပါသည်။

Hot Line : 01-246634, 01-245762

www:facebook.com/mcc.institute



ပွဲပြီးရေးအခြေခံသဘောတရားဆိုင်ရာ ဆောင်းပါးများ

## ရေရှည်ပွံ့ဖြိုးတိုးတက်မှု ဟု

ဆိုရာဝယ်

ဒေါက်တာမောင်မောင်သန်း

**ထွက်ပြီ** ဖြန့်ချိရေး- မျိုးဆက်သစ်စာပေ ဖုန်း - ၀၉ ၄၂၀၀ ၈၃၆၈၈



## မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဝေနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133



## ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်းနှင့်သာ စနစ်တကျရန်)

**1.Sales Supervisor/ Team Leader** ကျား(၂၀)ဦး

- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ (သို့မဟုတ်) အနည်းဆုံး တက္ကသိုလ်တက်ရောက်နေသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
- သတ်မှတ်ထားသောတာဝန်ကျရာနေရာ၌ ညအိပ်ခရီးသွားလာနိုင်သူဖြစ်ရမည်။
- ဆက်ဆံရေးအထူးကောင်းမွန်သူဖြစ်ရမည်။
- မိမိ၏ Team နှင့် Agent များကို ကောင်းစွာ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး တပတ်လျှင် (၆) ရက် အလုပ်ဆင်းနိုင်သူဖြစ်ရမည်။
- Smart Phone (Android) နှင့် ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ရှိရန်လိုအပ်သည်။

**2.Sales Promoter/ Developer** ကျား(၁၂၀)ဦး

- ပညာအရည်အချင်း အနည်းဆုံး (၁၀)တန်းအောင်သူ၊ တက္ကသိုလ်တက်နေသူဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။
- သတ်မှတ်ထားသောနယ်မြေအတွင်း၌ ခရီးသွားလာနိုင်သူဖြစ်ရမည်။
- ဆက်ဆံရေးအထူးကောင်းမွန်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး တပတ်လျှင် (၆) ရက် အလုပ်ဆင်းနိုင်သူဖြစ်ရမည်။
- အရောင်းကိုယ်စားလှယ်များ၊ အထက်လူကြီးများနှင့် အဆင်ပြေပြေပြောဆိုလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- Smart Phone (Android) နှင့် ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ရှိရန်လိုအပ်သည်။

Media Palace Co.,Ltd

Phone: +95 1 538790~96 Ext 1092, +95 9 96 518 2112, +95 9 96 536 0427



## လိပ်ခေါင်း၊ ဂရင်ဂျိနာ

09-73121554

မခွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဗိဝက ဆေးခန်း) ၃၄၈၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း၊ အေးဆေးခန်းဘေး၊ ရန်ကုန်မြို့။ 09-73038158, 09-43088215



# Congratulations!

AADA

**Authorized Automobile Distributors Association**

**တရားဝင်အသိအမှတ်ပြု မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း**

သည်

AAF

ASEAN AUTOMOTIVE FEDERATION

"အာဆီယံမော်တော်ယာဉ်ဆိုင်ရာအသင်းချုပ်" ၏

မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် အသိအမှတ်ပြုခံရခြင်းအတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အသင်းမှ ယခုထက်ပိုမို၍
နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ဆထက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

AGD BANK · ရတနာပုံဘဏ် AYA Bank · C B BANK · KBZ BANK · MAB · MOB BANK · SMIDB · UAB · YOMA BANK · Aung Thein Than · CAPITAL AUTOMOTIVE · CYCLE & CARRIAGE · FORTUNE · IBTC · PACIFIC Group · Shwe Taung Group · TAN CHONG GROUP · TOYOTA Aye and Sons · YOMA STRATEGIC HOLDINGS LTD. · Castrol · HONDA · ptt Lubricants By Tunn Star · TOYOFUJI SHIPPING CO., LTD. · HELLO CABS

# ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ထားဝယ်ဒေသရှိ မောင်းမကန်အပါအဝင် ခရီးသွားလုပ်ငန်းနှင့်ပါ ဆက်စပ်နေ၍ နိုင်ငံတော်အတွက်အကျိုးရှိမည့် စီမံကိန်းကြီးဖြစ်





မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လောင်းလုံးမြို့နယ် ပန်းတင်အင်းချောင်းဝတွင် တည်ဆောက်ထားသော **Small Port** ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာအထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းရှင်းလင်းဆောင်၌ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက မြေအသုံးချမှု၊ ဘဝါကျေးရွာအတွင်း မြို့သစ်တည်ဆောက်ခြင်း လုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ Italian-Thai Development Company မန်နေဂျင်းဒါရိုက်တာ Dr. Somchet Thinaphong က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများ *စာမျက်နှာ ၄ ကော်လံ ၁* ❇

## (ယနေ့) မာတိကာ


ဝေါလေကို ရောက်ခဲ့တယ် စာ - ၆

ကုလသမဂ္ဂအစည်းအဝေးမတိုင်မီ နိုင်ငံခြားရေးဝန်ကြီးသုံးဦး နယူးယောက်၌ တွေ့ဆုံ စာ - ၁၀

မိကျောင်းတစ်ကောင် ချောင်းဘေးရှိ ဘဲခြံများမှ ဘဲများကို ကိုက်သတ်စားနေ စာ - ၁၃


# စစ်ကိုင်းဒေသထွက်သောက်ရေအိုးများ ဈေးကွက်အတွင်းပြတ်လပ်၍ အခြားဒေသထွက်အိုးများ မှာယူနေရ

**မျိုးဝင်း(စစ်ကိုင်း)**

**စစ်ကိုင်း စက်တင်ဘာ ၁၉**

စစ်ကိုင်းမြို့မှ ဒေသထွက်ကုန် ဖြန့်ဖြူးရောင်းချသည့် သောက်ရေအိုးများ ရောင်းအားကောင်း၍ ဈေးကွက်အတွင်း ပြတ်လပ်ကာ အခြားဒေသထွက် သောက်ရေအိုးများ ရောဝတီမြစ်ရေလမ်းမှ ဝင်ရောက်ကာ အစားထိုး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။



စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်မှထွက်သည့် သောက်ရေအိုးများသည် ထုတ်လုပ်ရာ၌ သဲမြေကို ရောစပ်ထုတ်လုပ်ထားသည့်အတွက် ဝယ်ယူသုံးစွဲရာတွင် အစဉ်အမြဲ ရေစိမ့်အားကောင်း၍ အေးမြသည့် အရသာကိုပေးစွမ်းသည်။ အိုးစိမ်းအဆင့်မှ သောက်ရေအိုးများဖုတ်ရာတွင် တစ်ဆယ့်နှစ်လရာသီမှာ *စာမျက်နှာ ၄ ကော်လံ ၄* ●

